THE ARAKAN INTERNATIONAL

# နိုင်ငံတကာရေးရာ ရက္ခိုင်သတင်းစဉ်

အမှတ် (၁၈)

ဂျူလိုင် လ

၂၀၁၂ ခုနှစ်။

# လူမှုအဖွဲ့အစည်းနှင့် စာကြည့်တိုက်





အမှန်တရားကို လည်းကောင်း၊ မှားယွင်းမှုများကို လည်းကောင်း၊ တရားနည်းလမ်း ကျ/မကျ ကို လည်းကောင်း ချဉ်းကပ်၊ လေ့လာ၊ နားလည်စီရန် များစွာ အထောက်အကူပြုပါသည်။ . . . . . စာ ၃




လူတယောက်၊ အစွမ်းကုန်အောင် လိုက်တေ အသံစွာ အများဆုံးမိုင်ဝက်လောက်တောင်ခရီးမပေါက်နိုင်ပါ။ယကေလည်းလူသားရို့၏ဉာဏ်ပညာက အကန့်အသတ်မဲ့ ဖြစ်လို့ မဖြစ်နိုင်လို့ထင်ခ ရရေ . . . . စာ ၇



"ယေကေ. . .သူ ရှိုင့်ငါကို ပစ်သတ်ဖို့ပါ့ . . ဟုတ်လာ။ ယပိုင်ဆို ကေတောင် ငါ ဂုဏ်သိက္ခာအပြည့်နန့် သီရသိမ့်ယင့်"လို့ အကျွန်ပြန်ပြောလိုက်တေ . . . . စာ ၁၁



ကိုယ့်ကိုယ်ကို အားမရ။ လူမျိုးခြားပါးမှာ မျက်နှာအောက်ကျို့ခံပြီး ကေ လုပ်စားဖို့လို့ တခါပင်လေ့ စိတ်မကူး ခ ဖူး။ လက်တွို့မှာ လုပ်စားနိုန်ရပါရေ။

. . . . စာ ၁၄

အမေရိကန်ပြည်ထောင်စုတနံတလျှားတွင် စာကြည့်တိုက်ပေါင်းမြောက်များစွာ ဟိပါသည်။ ရွာတိုင်း၊ မြို့တိုင်း၊ ကျောင်းတိုင်း၊ တက္ကသိုလ်၊ ကောလိပ်တိုင်းတွင်စာကြည့်တိုက်များဟိ၏။ အချို့သောအဖွဲ့အစည်းများ၊ ဌါနများတွင်လည်း သက်ဆိုင်ရာအဖွဲ့အစည်းနှင့် ဌါနများအလိုက် စာကြည့်တိုက်များဟိကတ်ပါ၏။ အချို့စက်ရုံ၊ အလုပ်ရုံများ၌ပင် စာကြည့်တိုက်များ အသီးသီးဟိနိန်ကတ်ပါသည်။ ၁၉၉၉ ခုနှစ် စာရင်းအရပင် အမေရိကန်ပြည်ထောင်စုတွင် စာကြည့်တိုက်ပေါင်း ၁၂၂၅၇၆ (တသိန်းနှစ်သောင်းနှစ်ထောင်ငါးရာခုနစ်ဆယ်ခြောက်) ခု ဟိပါသည်။ စာကြည့်တိုက်အမျိုးအစားပေါင်းမှာလည်း စုံလင်လှပါ၏။

အောက်တွင်လေ့လာကြည့်ပါ။

- တက္ကသိုလ် / ကောလိပ် စသည့် ပညာရပ်ပိုင်းဆိုင်ရာ စာကြည့်တိုက်
- ပြည်သူ့ စာကြည့်တိုက်
- ကျောင်း စာကြည့်တိုက်
- အထူးစပါယ်သျှယ် စာကြည့်တိုက်
- အမျိုးသား စာကြည့်တိုက်
- သမ္မတများဆိုင်ရာ စာကြည့်တိုက်
- ပြည်နယ် စာကြည့်တိုက်
- အငယ်စား စာကြည့်တိုက်

စသည်ဖြင့် အမျိုးအစားပေါင်းများစွာရှိ ဖြစ်ကတ်ပါသည်။

စာမျက်နှာ ၃ သို့

# အောဒီတာ့စကား

ကိုယ့်ဘားမှာ သတ်သံ၊ ထောင်းသံ၊ ဖျက်ဆီးခံရသံ တညံညံနန့်ဖြစ်နိန်၊ ကိုယ်ကိုယ်တိုင်ကလည်း သူများကို ဝေဖန်ဖို့၊ အောက်ကျ၊ နောက်ကျနန့် နင်းပြားခံ ကိုယ့်လူမျိုးတိအတွက်အားကုန်ပနာ သူများတိကို မကောင်းပြောခါပြောဖို့ လောက်ရာတတ်ပြီးကေ စွမ်းဆောင်ရည်လည်းမဟိ၊ ဖေသာလည်းတပြားမလှုနိူင်၊ အရာအားလုံးနီးပါးက အစီအစဉ်မဟိ၊ အကွပ်အကဲမဟိ ဗရမ်းဗရာပိုင်ဖြစ်နိန်ရေလို့ ခံစားဖြစ်တေခါ စာလည်း ဟုတ်တိပါတ်တိ မရီးဖြစ်ပါ။ တရက်မှာ ဖတ်လက်စ စာအုပ်ထဲက စာမျက်နှာ စကေချေစီတော့ကေ ဖတ်ဖြစ်ပါယင့်။ အေလမှာ မျက်နှာဖုံးဆောင်းပါးထည့်ဖို့ အကြောင်းအရာရွီးချယ်ကြည့်ပါသိမ့်ရေ၊ အတွေးတိက တနားချေခံပနာ ပျောက်လားကတ်ပြန်ပါရေ။ မိုးထပိုင်းက သဖေါတူဖြစ်ခရေ အယူအဆတခုကို ညဇာပိုင်းမှာ ကိုယ့်စွာကိုယ်သဖေါမတူနိူင် ဖြစ်လားပြန်ပါရေ။ နောက်ဆုံးမှာတော့ကေ အကျွန်ရီးဖြစ်ဖူးခရေ (ဘာသာပြန်အခြီခံ) ဆောင်းပါးဟောင်းတိထဲက တပုဒ်ကို ထည့်လိုက်ရပါယင့်။

အမေရိကန်မှာ ကောလိပ်စတက်တေခါ အကျွန့်ပထမ မေဂျာဘာသာစွာ "နိုင်ငံရေးသိပ္ပံ" (Political Science) ဘာသာရပ်ပါ။ စိတ်ဝင်စားစွာက တကြောင်း၊ အကျွန့်သူငယ်ချင်းတချို့က ယူဖို့တိုက်တွန်းကတ်စွာကတကြောင်း၊ အကျွန်ကိုယ်တိုင်လည်း ကိုယ့်စွာကိုယ် တတ် တတ် – မတတ်တတ်၊ သိ သိ – မသိ သိ ယင်းပိုင်ကြီးကြီးကျယ်ကျယ် ဘာသာရပ်တိကို ယူ ယူ ပြီးကေ သူများအထင်ကြီးခံရလည်း နည်းစွာမဟုတ်' ဆို ဆိုပနာ မိုက်မိုက်မဲမဲတတ်ယောင်ကားလုပ်ချင်နိန် ခစွာက တကြောင်းရို့ကြောင့် ယင်းမေဂျာကို ယူလိုက်စွာပါ။ အကျွန့်အမျိုးသမီး အမေရိကန်သူက အချိန်ပြည့်အလုပ်လုပ်နိန်ရေအတွက် (အချေ ၃ ယောက် ပေါက်ထားပနာ လူချမ်းသာ ဖြစ်နိန်ကတ်သူများပီပီ) အကျွန့်မှာ အဘုချေတိကိုထိန်းရ၊ အချိန်ပိုင်းအလုပ်တဖက်နန့် ဘာသာစကားနားလည်မှုလည်းအားနည်းခါ အတန်း ၂ တန်း လောက်တက်အပြီးမှာ စာရီး၊ စာဖတ်နိန်ရကေ စိတ်ထဲမှာ ကြည်ကြည်နူးနူး ဖြစ်နိန်တတ်တေ အကျွန့်ဝါသနာဘာဝ၏ တောင်းဆိုမှုအရ "စာကြည့်တိုက်နည်းပညာ" (Library Science) ဘာသာရပ်ကို မေဂျာဘာသာရပ်အဖြစ် ပြောင်းယူလိုက်ပါရေ။

အမေရိကန်နန့်အပြည်ပြည်ဆိုင်ရာက စာကြည့်တိုက်တိအကြောင်း၊ စာကြည့်တိုက်တိ၏ အရေးပါပုံအကြောင်း၊ စာကြည့်တိုက်နန့် လူမှုပတ်ဝန်းကျင်၏ နက်သျှိုင်းကျယ်ပြန့်စွာ ဆက်နွယ်ပုံသဖေါတရားတိ အကြောင်း၊ ခေတ်အဆက်ဆက်ပြောင်းလဲလာရေစာကြည့်တိုက်တိ၏လုပ်ထုံး လုပ်နည်းတိအကြောင်း၊ ခေတ်သစ်စာကြည့်တိုက်တိထဲမှာ သုံးစွဲနိန်ရေ နောက်ဆုံးပေါ် နည်းပညာဆိုင်ရာ အသုံးအဆောင်ပစ္စည်းတိနန့် ယင်းရို့ကို သုံးစွဲပုံအကြောင်း၊ စာကြည့်တိုက်လုံခြုံမှုနန့် စာကြည့်တိုက်ထဲမှာဖြစ်တတ်တေ ပြဿနာ အဖုံဖုံကို ချဉ်းကပ်နည်းမျိုးစုံနန့်ဖြေသျှင်းနည်းအကြောင်း စသည်ဖြင့် စသည်ဖြင့် လေ့လာစရာအများကြီး၊ စိတ်ဝင်စားစရာလည်း အများကြီး၊ အနာဂါတ်မှာ အသုံးဝင်စရာလည်း အများကြီး စိမ့်ဝင်တည်ဟိနိန်ရေ ဘာသာရပ်တခုမှန်း နားလည်ဖြစ်လိုက်ပါရေ။ ယင်းဘာသာရပ်ကို မေဂျာဘာသာအဖြစ်ယူရစွာကိုလည်း စိတ်ထဲမှာ ပီတိဖြစ်ရ ပြန်ပါရေ။

အေဂု ရီးလိုက်တေ ဆောင်းပါးစွာ စာကြည့်တိုက်နည်းပညာဘာသာရပ်မိတ်ဆက် အတန်းမှာ သင်ခရရေ သင်ရိုးညွှန်းတမ်းဖတ်စာအုပ်ထဲက ဆောင်းပါးချေ နှစ်ပုဒ်ကို အခြီခံပနာ ရီးလိုက်စွာပါ။ စာကြည့်တိုက်နန့် ပါက်သက်တေ အခြားအကြောင်းအရာတိ၊ အတန်းထဲက အတွိ့အကြုံတိကိုလည်း နောင်အလျှဉ်းသင့်ရေပိုင် ရီးပါအုံ့မေ။

အေလမှာ အေအိုင်စာစောင်၏ ပထမဦးဆုံးသော ရခိုင်လူမှုအဖွဲ့အစည်းအခြီပြုဝတ္ထုတိုချေကို စာရီးဆရာ မောင်ခိုင်စော က လက်ရာမြောက်စွာခြီမှုန်းထားပါရေ။ မိုးညို (ဘန်ကောက်)၏ ဒီမိုခရေစီမိတ်ဆက်၊ ကို ကျော်သိန်းခိုင်၏ အသံလှိုင်းအကြောင်း နန့် နီတောက်ကြယ်၏ ဆိုမာလီယာ နိဂုံးပိုင်းရို့ကိုလည်း စိတ်ဝင်စားဖွယ်ရာ ဖတ်ဖြစ်ကတ်လီဖို့မျှော်လင့်ပါရေ။ စာတိ အများကြီး ဆက်ရီး/ဆက်ဖတ် နိူင်ကတ်ပါစီ။

အမေရိကန်၏ ထိပ်ဆုံးတန်းဝင်သမ္မတိထဲမှာ တယောက်အပါအဝင်ဖြစ်ခရေ သမ္မတရုစဗဲ့ကတော့ကေ ***"စာမဖတ်ရရေနီရေ အာ, မင်္ဂလာနီ"*** လို့ သတ်မှတ်ပြောဆိုခ ဖူးပါရေ။ အကျွန့်ညီအစ်ကို၊ မောင်နှမတိလည်း နိစဉ်နိတိုင်း စာပီဖတ်ရှု၊ လေ့လာသမှုတိ ပြုပနာ မင်္ဂလာရက်မြတ်တိကို ပိုင်ဆိုင်နိူင်ကတ်ပါစီကြောင်း၊ ကိုယ်ပိုင်စာကြည့်တိုက်ချေတိ ကိုယ်စီကိုယ်ငှပိုင်ဆိုင်ကတ်ပနာ လွတ်လပ်သော၊ တိုးတက်သော၊ ငြိမ်းချမ်းသော အနာဂါတ်ရခိုင်ပြည်ကြီးကို တည်ဆောက်နိူင်ကတ်ပါစီကြောင်း ဆုတောင်းဆန္ဒပြုလိုက်ပါယင့်။

ခင်မင်မှုဖြင့်



ဦးသိန်းမောင်

**ရက္ခိုင်ပြည်၏ အနာဂါတ်သည် ရက္ခိုင်အမျိုးကောင်းသား၊ အမျိုးကောင်းသမီးရို့၏ လက်ထဲတွင်ဟိသည်။**

ကျွန်းတွင်ဇမ္ဗူ
လူတွင်ရခိုင်
ကြိုင်ဘိသတင်း
ကင်းဘိအပြစ်
ချစ်သည့်အမျိုး
ကြိုးသည့်လုံ့လ
မြတ်စာဂ နှင့်
နှစ်ဝနတ်လူ
ချစ်ကြည်ဖြူသည်
နိဗ္ဗူဆုတောင်းပြည့်အံ့တည်း။
*(သျှင်မဟာသီလဝံသ)*

***"A library is not a luxury but one of the necessities of life."***

*(Henry Ward Beecher)*

***"စာကြည့်တိုက်တတိုက်ရေ ဖိမ်ခံဖို့ နိန်ရာတခုတော့ မဟုတ်ပါ၊ ယေကေလည်း ဘဝမှာ (မဟိမဖြစ်) လိုအပ်တေ အခြင်းအရာတိထဲက တခုဖြစ်ပါရေ"***

*(ဟိန်နရီ ဝ့ါဒ်ဘရီချာ)*

*(၁၉ ရာစု အမေရိကန် ဘာသာရေးဂေါင်းဆောင် နှင့် စာရီးဆရာ)*

*(မျက်နှာဖုံး ဆောင်းပါး မှ)*



**(အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန် ဒီစီ မြို့တော်၌ တည်ရှိသည့် ပြည်သူ့လွှတ်တော် စာကြည့်တိုက်)**

◆ ◆ ◆ ◆

စာကြည့်တိုက်သည် သူရို့၏ဘဝတာတွင် ထိတွေ့ဆက်ဆံလားရမည့် နိန်ရာဌါနဖြစ်ကြောင်း၊ စာကြည့်တိုက်မှ မည်သို့သောအရာများ ရဟိနိုင်ကတ်ကြောင်းကိုလည်း အမေရိကန်များစွာရို့ သိဟိနားလည်ကတ်ပါသည်။ တချိန်တည်းမှာပင် စာကြည့်တိုက်မှူးများ (စာကြည့်တိုက်ဝန်ထမ်းများ) သည်လည်း ပြည်သူများ (သို့မဟုတ်) စာကြည့်တိုက်သုံးစွဲသူပရိတ်သတ်များအား မည်သည့်အခြင်းအရာများ၊ မည်သို့သောသတင်းအချက်အလက်များ ပီးစီ၊ ပံ့ပိုးကတ်ရမည် ဟူသည်ကို ကောင်းစွာ နားလည်ထားကတ်ပါသည်။

အကြောင်းအရာတခုကို သိချင်သည့်အခါများတွင်လည်းကောင်း၊ စိတ်ပြေလက်ပျောက် လားရောက်လိုသည့်အခါများတွင်လည်းကောင်း၊ တစုံတရာအား စနစ်တကျ သုတေသနပြုလိုသည့်အခါများတွင်လည်းကောင်း၊ အဘုစိတ်ကော၊ သူငယ်ချေရို့အား ပညာရေးနှင့် ဖျော်ဖြေရေးကိစ္စရပ်များ ပီးဆောင်ရွက်လိုသည့်အခါများတွင်လည်းကောင်း မည်သည့်အချိန်အခါများတွင်ပင်မဆို စာကြည့်တိုက်များသည် အကျွန်ရို့၏ ထိုထိုသောလိုအပ်ချက်များကို ဖြည့်ဆည်းပီးရန် အဆင်သင့်၊ အလိုက်သင့် အနိန်အထားတွင် တည်ဟိနိန်တတ်ကတ်ပါသည်။ အကျွန်ရို့၏ အခွင့်အရေးများ၊လွတ်လပ်မှုနှင့်ဒီမိုခရေစီရေးများရှင်သန်နိုင်ခံ့စီရန် ယင်းစာကြည့်တိုက်များကပင် နောက်ခံပြုထားကတ်ပြန်ပါသည်။

နောက်တဆင့်တက်၍ နိုင်ငံတနိုင်ငံအပေါ် (သို့မဟုတ်) လူမှု အဖွဲ့အစည်းတခုအပေါ် **စာကြည့်တိုက်များမှ ပီးဆပ်အကျိုးပြုသည့် လက်ဆောင်ကောင်း (၁၂) ခု** ကို လေ့လာကြည့်ကတ်ပါမည်။

(၁) **စာကြည့်တိုက်များသည် အများပြည်သူအား သတင်းအချက် အလက်များဖြန့်ဝီပီးသည်။** ။ လူသားဘဝတာ၏ ကြီးမြတ်သော အစိပ္ပါယ်တခုမှာ မိမိကိုယ်ကိုမိမိ ကိုယ်တိုင်ထိမ်းကျောင်းပဲ့ပြင်ခြင်း ဖြစ်သည်။ ထိုသို့ထိမ်းကျောင်း၊ တည့်မတ်၊ ပြုပြင် လားရန်အတွက် လိုအပ်သည့် အခြိခံ သတင်း အချက်အလက်များကို မည်သူမဆို စာကြည့်တိုက်ထဲတွင် ရှာဖွီ တွိ့ဟိနိုင်ပါသည်။ ဆိုးသည်ဖြစ်စီ၊ ကောင်းသည်ဖြစ်စီ၊ ရှုဒေါင့်ပေါင်းစုံ မှ သတင်းအချက်အလက်များသည် စာကြည့်တိုက်ထဲတွင် တည်ဟိစီးဆင်းနိန်သည်ဖြစ်ရာ အများပြည်သူရို့အတွက် ဗဟုသုတများစွာကို ပီးစွမ်းနိုင်သည့် အလျှောက် အကြောင်းကိစ္စ တစုံတရာနှင့်ပါက်သက်၍ အမှန်တရားကိုလည်းကောင်း၊မှားယွင်းမှုများကိုလည်းကောင်း၊ တရားနည်းလမ်းကျ/မကျကို လည်းကောင်း ချဉ်းကပ်၊ လေ့လာ၊ နားလည်စီရန် များစွာ အထောက်အကူပြုပါသည်။

(၂) **စာကြည့်တိုက်များသည် အတားအဆီး၊ အကန့်အသတ်၊ နယ်နိမိတ်ဘောင်များကို ကျော်လွှန်၍ဖြစ်တည်သည်။** ။ သင်သည် နား မကြားသူတဦးဖြစ်ပါသလား။ မျက်စိမမြင်သူတဦး ဖြစ်ပါသလား။ စာကြည့်တိုက်ထဲတွင် အဆိုပါ နားမကြားသူ၊ မျက်စိမမြင်သူများအတွက် အထူးထုတ်ဝီထားသည့် စာအုပ်စာတမ်းများနှင့် ဖတ်ရှုမှတ်သားရန် အထောက်အကူပြု ကိရိယာများစွာ ဟိပါသည်။ သင် အင်္ဂလိချ်စကား ကောင်းစွာ မပြောတတ်၊ မဖတ်တတ်သူတဦး ဖြစ်ပါသလား။ တခြားဘာသာများနှင့် အင်္ဂလိပ်ဘာသာ တွဲဖက်ထုတ်ဝီထားသည့် စာအုပ်စာတမ်းနှင့် အခြားပစ္စည်းများစွာကိုလည်း စာကြည့်တိုက်ထဲတွင် သင်ရဟိနိုင်ပါသည်။ သင်သည် သက်ကြီးရွယ်အိုတဦး ဖြစ်ပါသလား။ အကျဉ်းသားတဦး ဖြစ်နိန်ပါသလား။ နိုင်ငံခြားသားတဦး ဖြစ်ပါသလား။ အိုးမဟိ/အိမ်မဟိသူတဦး ဖြစ်နိန်ပါသလား။ သင်သည် မည်သည့်နိန်ရာမှ မည်သို့သောပုဂ္ဂိုလ် ပင် ဖြစ်စီကာမူ စာကြည့်တိုက်တခုသည် သင့်၏ လေ့လာမှု၊ ဗဟုသုတဆည်းပူးမှုအား မည်သည့်တားဆီးကန့်သတ်မှုဘောင် တစုံတရာကိုသော်မှ ပြုလုပ် မထားတတ်ပါချေ။ အရာအားလုံးသည် သင် နှင့် သင့်ဆန္ဒ၊ သင့်လုပ်ဆောင်ချက်နှင့် သင်၏အကျင့်စာရိတ္တများ အပေါ်တွင်သာ မူတည်၍ ဖြစ်ပျက်လားပါလိမ့်မည်။



*(မျက်စိလည်း မမြင်၊ နားလည်းမကြား၊ စကားလည်း မပြောတတ်ပဲ တက္ကသိုလ်မှ ဘွဲ့ယူကာ စာအုပ်ပေါင်းများစွာကို ရီးသားလားသည့် ဟယ်လန်ကဲလား Helen Keller စာဖတ်နိန်စဉ်)*

(၃) **စာကြည့်တိုက်များသည် အားလုံးကို တန်းတူရည်တူ အခွင့်အရေးပေး သည်။** ။ သင်၏ ဝင်ငွေနည်းခြင်း၊ များခြင်းသည်လည်းကောင်း၊ သင်၏ ပညာအရည်အချင်း မြင့်ခြင်း၊ နိမ့်ခြင်း သည်လည်းကောင်း၊ သင်၏ ရာထူးရာခံ ကြီးမားခြင်း၊ နိမ့်ကျခြင်း သည်လည်းကောင်း၊ သင်၏ အလုပ်အကိုင် အဆင် ပြေခြင်း၊ မပြေခြင်းသည်လည်းကောင်း စသည့် များစွာသော လူတန်းစားအလွှာကိစ္စများ၊ လူ့အဖွဲ့အစည်း အတွင်း ခွဲခြားဆက်ဆံတတ်သည့် သဘာဝများအားလုံးကို စာကြည့် တိုက်မှ ဗွီမယူပါချေ။ စာကြည့်တိုက်သည် ၄င်းထဲသို့ ဝင်ရောက်ကာ သတင်းအချက်အလက်နှင့် ဗဟုသုတများရှာဖွီ မွှီနှောက်လိုသည့် မည်သည့် လူတန်းစားအလွှာမှ မည်သူ့ကိုမဆို၊ ကျားဖြစ်စီ၊ မ ဖြစ်စီ တန်းတူညီသော အခွင့်အရေးကိုပီးပါသည်။

(၄) **စာကြည့်တိုက်များသည် ပုဂ္ဂလိက ဆိုင်ရာများကို တန်ဖိုးထား သည်။** ။ သင့်မူလတွေးခေါ် ယူဆချက်၊ ယုံကြည် ထင်မြင်ချက် မည်သို့ပင်ဟိစီကာမူ စာကြည့်တိုက်များသည် သင့်အား ကြိုတင် တွေးထင်ဆုံးဖြတ်ချက် တစုံတရာဖြင့် စောင့်ကြိုနိုန်လိမ့်မည် မဟုတ် ပေ။ စာကြည့်တိုက်များသည် သင့်အား ကြင်းကြင်းလင်းလင်းဖြင့် ပွင့် လင်း၊ နွီးထွီးစွာ စောင့်ကြိုနိုန်ပြီး သင့်တွေးမြင်ယူဆချက်၊ ကြိုးပမ်း အားထုတ်ချက်များမှ ထွက်ပေါ်လာသည့် အသီးအပွင့်များအား မျှဝီ ပီးရန် အဆင်သင့် ဟိနိုန်တတ်ပါသည်။ လွတ်လပ်သောတွေးခေါ်သျှင် များ၏ ပြောဆိုမှုများ၊ ရီးသားထုတ်ဝီသူများ၊ တကိုယ်တော် အနုပ ညာသျှင်များ၊ စီးပွါးရေးလုပ်ငန်းသျှင်များ၊ စာပီပညာသျှင်များ အစ ဟိသူရို့၏ အတွေးအမြင်နှင့် အတွိအကြုံဆိုင်ရာ ဟောပြောပွဲများ ကိုလည်း စာကြည့်တိုက်များတွင် တွိ့နိူင်ပါသည်။

(၅) **စာကြည့်တိုက်များသည် သိချင်စိတ်များ၊ ဖန်တီးတီထွင်မှုများကို မြှီ တောင်မြှောက်ပီးသည်။** ။ စာကြည့်တိုက်ထဲသို့ ရောက်လားလျှင် အကျွန်ရို့အားလုံး အဘုစိတ်ကေများ ဖြစ်လားကတ်ပါသည်။ ဘဇာ ကြောင့်ဆိုသော် စာကြည့်တိုက်ထဲတွင် သိချင်၊ ဖတ်ချင်၊ မြင်ချင်၊ စပ်စုချင်စရာများ အလွန်များပြားသောကြောင့် ဖြစ်ပါသည်။ ထိုသို့ စပ်စုစိတ်များ၊ သိချင်စိတ်များ အားလုံးမှ ထွက်ပေါ်လာသည့် မမိန်းရ သိသော မိန်းခွန်းများအတွက် အဖြေများ အဆင်သင့်ဟိနိုန်သော နိန်ရာ၊ ထိုမှတဆင့် ကိုယ်ကိုယ်တိုင် တစုံတရာ ဖန်တီး၊ တီထွင်၊ လုပ် ဆောင်ချင်စိတ်များ ဝင်လာစီသည့် နိန်ရာမှာလည်း စာကြည့်တိုက် များပင် ဖြစ်ပါသည်။



(လျှပ်စစ်မီးသီးကို အတွေး ၁ ရာနူန်း၊ ချွေး ၉၉ ရာနူန်းဖြင့် တီထွင်ခသည်’ ဟု ပြောဆိုသည့် တီထွင်ပညာသျှင်ကြီး သောမာ့စ်အယ်ဒီဆိန် နှင့် သူ၏ စာကြည့် တိုက်)

**သို့သော် ထိုထိုသော ပျောက်သောလမ်းကို ပြန်တွိ့သူများ၊ ဘီလီယံနာများ၊ လွှတ်တော် အမတ်များ၊ သမ္မတများအားလုံးအတွက် ပြည်သူ့စာကြည့်တိုက်သို့ ပီးသွင်းခ ရသည့် ငွီကြီး ပမာဏအခွန်အခ မှာ တနှစ်လုံးတွင် ဒေါ် လာ (၂၀) ပင် မပြည့်တတ်ပါချေ။**

● ● ● ● ● ●

(၆) **စာကြည့်တိုက်များသည် အချေအငယ်များ၊ လူငယ်များ၏ စိတ်ပိုင်း ဆိုင်ရာကို ပွင့်လန်းလားစီသည်။** ။ အချေ၊ လူငယ်တယောက်သည် စာကြည့်တိုက်ထဲတွင် ဇာတိလုပ်ကိုင်ဆောင်ရွက်နိူင်ပါသနည်း။ အချေတယောက်အတွက် စာကြည့်တိုက်ထဲတွင် လုပ်ကိုင်နိူင်သော အရာများမှာ မနည်းလှပါချေ။ အချေတယောက်သည် စာဖတ်နိူင် ပါသည်။ စာကြည့်တိုက်မှူးများဦးစီးသည့် စာဖတ်ခန်းများတွင် ပါဝင် နိူင်ပါသည်။ ကွန်ပျူတာ ကဇါပ်နိူင်ပါသည်။ မိမိအလိုဟိရာ ဗွီဒီယိုခွေ များ၊ ဒီဗွီဒီခွေများကို ငှါးကြည့်နိူင်ပါသည်။ မိမိကြိုက်နှစ်သက်ရာ စီဒီ သီခြင်းခွေများကိုငှါး၍ နားထောင်နိူင်ပါသည်။ ကဇါပ်စရာ အရုပ်များ အများကြီးဟိပါသည်။ အခါအားလျှော်စွာပြုလုပ်သည့် ပြပွဲ၊ ပြိုင်ပွဲ များ၊ ပျော်ပွဲရွှင်ပွဲများတွင် ပါဝင်ဆင်နွှဲနိူင်ပါသည်။ သို့ဖြင့် စာကြည့် တိုက်များသည် အချေသူငယ်နှင့် လူငယ်များအတွက် ကာယ၊ ဉာဏ နှစ်ဖြာကို တိုးတက်၊ ဖွံ့ဖြိုး၊ ပွင့်လန်း၊ လှပလာစီသည့် နိန်ရာဌါနများ လည်း ဖြစ်ကတ်ပါသည်။

(၇) **အရင်းအနှီးအနည်းချေဖြင့် အမြတ်အစွမ်း အများကြီးပြန်ရသောနိန် ရာမှာ စာကြည့်တိုက်များဖြစ်သည်။** ။ လမ်းပျောက်နိန်သောလူ ငယ်တဦးသည် စာကြည့်တိုက်ထဲတွင် ဖတ်မိသည့် စာကြောင်းတ ကြောင်း၊ စာအုပ်တအုပ်ကြောင့် ပျောက်နိန်သောလမ်းစ ပေါ်လား နိူင်ပါသည်။ ဘီလီယံနာများစွာရို့သည် သူရို့အလုပ်ကို ဘဇောင်ပိုင်စ လုပ်ဖို့လဲ တခုပိုင်လည်းမသိခင်၊ ဖေသာငွီကြီးလည်း မဟိသိသည့် အချိန်အခါများတွင် စီးပွါးရေးလုပ်ငန်းရပ်ပိုင်းဆိုင်ရာများ၊ စီမံခန့်ခွဲမှု ဆိုင်ရာများကို စာကြည့်တိုက်ထဲတွင် လေ့လာလားသည့် ဖြစ်ရပ်များ များစွာဟိပါသည်။ စာကြည့်တိုက်ထဲတွင် လေ့လာဆည်းပူးမှုကို ရင်း နှီးမြှုပ်နှံပြီး လွှတ်တော်အမတ်ဖြစ်လားသူများ၊ သမ္မတဖြစ်လားသူ များမှာလည်း ကမ္ဘာ့သမိုင်းတွင် အများအပြားပင် ဟိခပါသည်။ ဟိနိုန်ပါသည်။ နောင်ကိုလည်း ဟိလီပါဦးမည်။ သို့သော် ထိုထိုသော ပျောက်သောလမ်းကိုပြန်တွိ့သူများ၊ ဘီလီယံနာများ၊ လွှတ်တော်အ မတ်များ၊ သမ္မတများအားလုံးအတွက် ပြည်သူ့စာကြည့်တိုက်သို့ ပီး သွင်းခရသည့် ငွီကြီးပမာဏအခွန်အခ မှာ တနှစ်လုံးတွင် ဒေါ်လာ (၂၀) ပင် မပြည့်တတ်ပါချေ။

(၁၁) **စာကြည့်တိုက်များသည် ချမ်းမြေ့ကြည်သာ၊ ခိုလှုံရာ နိန်ရာများလည်းဖြစ်သည်။** ။ ရုပ်ပိုင်းဆိုင်ရာ အနားယူအပမ်းဖြေစရာဖြစ်မှု၊ စိတ်မနေသာတွင် ငြိမ်းချမ်းစွာခံစားရမှု၊ အပြန်အလှန် နားလည်လေးစားမှု၊ စည်းကမ်းနှင့်ကျိုးနွံမှု၊ တည်ငြိမ်သောဂုဏ်သိမ်ဟိမှု စသည့် ခံစားမှုများကို ဖြစ်တည်စီသည်ဖြစ်ရာ စာကြည့်တိုက်များသည် တချို့အခြေအနေ၌ ဖုန်းကြီးကျောင်းများ၊ ဗုရားကျောင်းများ၊ စေတီ ပုထိုးများ၊ မသိုက်များ ကဲသို့ သော နိန်ရာဌါနများနှင့် အလားသဏ္ဍာန်တူညီနိန်တတ်ပါသည်။ ငြိမ်းချမ်း၊ ဆိတ်ငြိမ်သော စာကြည့်တိုက်ထဲတွင် သင်အလိုဟိသကဲသို့ စိတ်ကူးဉာဏ်ကွန့်မြူးနိုင်ပါသည်။ တွေးထင်ယူဆနိန်နိုင်ပါသည်။ ချမ်းမြေ့ကြည်သာစွာ ခိုလှုံနိန်နိုင်ပါသည်။

(၁၂) **စာကြည့်တိုက်များသည် အတိတ်ကာလ၏ ဖြစ်တည်မှုများကို ကာကွယ်ထိမ်းသိမ်းထားသည့် နိန်ရာလည်းဖြစ်သည်။** ။ အကျွန် ရို့ အဖိုး၊ အဖီး၊ အဇူ၊ အဇါ ရို့၏ခေတ်မှ မှတ်တမ်းမှတ်ရာများ၊ သမိုင်းအမွီများကို စာကြည့်တိုက်များထဲတွင် ထိမ်းသိမ်း ထားဟိပါသည်။ သို့ဖြစ်ရာ အတိတ်မှ မှန်ကန်မှုများ၊ အမှားအယွင်းများ၊ အားသာချက်များ၊ အားနည်းချက်များကို အကျွန်ရို့သည် စာကြည့်တိုက်များမှတဆင့် လေ့လာ၊ သိဟိ၊ သုံးသပ်နိုင်ကတ်ပါသည်။ ထိုမှတဆင့် အတိတ်နှင့် ပစ္စုပ္ပန်ကို ပေါင်းကူးပြီး သင့်တင့်လျှောက်ပတ်သော အနာဂါတ်လူ့အဖွဲ့အစည်း တည်ဆောက်ရေးကို များစွာ အထောက်အကူပြုစီသော နိန်ရာဌါနများမှာလည်း အကျွန်ရို့ လူ့အဖွဲ့အစည်း အသီးသီးအတွင်းမှ စာကြည့်တိုက်များပင် ဖြစ်ကတ်ပါကြောင်း တင်ပြလျှက် ရခိုင်ပြည်တွင်လည်းကောင်း၊ ဗမာပြည်တွင်လည်းကောင်း၊ ကမ္ဘာအရပ်ရပ်တွင်လည်းကောင်း ရွာတိုင်း၊ မြို့တိုင်း၊ ရပ်ကွက်တိုင်း၌ ပြည်သူလူထု၏ ဉာဏပိုင်းဆိုင်ရာကို အားဖြည့်လားမည့် စာကြည့်တိုက် တခုစီ နှင့် ကာယပိုင်းဆိုင်ရာကို ဖွံ့ဖြိုးစီမည့် အားကစားရုံ တရုံစီ ကို အသီးသီးပိုင်ဆိုင်ကတ်သည့် ပညာပြည့်ဝ၊ နှလုံးလှသည့် လူ့အသိုင်းအဝန်းများ ဖြစ်တည်လာကတ်ပါစီကြောင်း ဆုမွန်ကောင်း၊ ဆန္ဒပြုလိုက်ပါသတည်း။ ။

မောင်ဦးသိန်းမောင်

(Eberhart, George M. ၏ The Whole Library Handbook မှ Some basic figures by Lynch, Mary Jo နှင့် 12 ways libraries are good for the country မှ အချက်အလက်များကို ဆီလျှော်ရာ ထုတ်နှုတ်ရီးသားပါသည်။)

# ဒီမိုခရေစီပိတ်ဆက် (အပိုင်း ၁)

မိုးညို (M.Ed-EA.) ဘန်ကောက်

နိဒါန်း။ ။ ဒေနိန့်အချိန်ထိ ကုလမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၁၉၃ နိုင်ငံရာ ဟိပါသိုရေ။ ယင်းအထဲမှာမှ ဒီမိုခရေစီကိုကျင့်သုံးရေ အဖွဲ့ဝင်နိုင်ငံက ၁၂၃ နိုင်ငံရာဟိပါသိုရေလှတ်။ ဆိုခါ ဒီမိုခရေစီကို မကျင့်သုံးရေ အဖွဲ့ဝင်နိုင်ငံပေါင်း ၇၀ လောက်ဟိသိုရေ လို့ ပြောရပါဖို့။ စစ်မက် မဖြစ်ပွားရအောင်နန့် လူ့အခွင့်အရေးကို ဒင်းပြည့်ကျပ်ပြည့်ကျင့်သုံးနိုင်အောင်ဆိုရေ ရည်ရွယ်ချက်တိနန့် ကုလသမဂ္ဂ (U.N) ကို ၁၉၄၅ ခုနှစ်မှာ ဖွဲ့စည်းခ စာပါ။

ဒုတိယကမ္ဘာစစ်အတွင်း ဝင်ရိုးစွန်း နိုင်ငံတိနန့်စစ်မက်ဖြစ်ပွားခါ ဆက်လက်တိုက်ခိုက်မည်’ ဟူသော ကတိကဝတ်နန့်ရောက်လာကတ်တေ အဖွဲ့ဝင်(မဟာမိတ်) ၂၆ နိုင်ငံကို အမေရိကန်သမ္မတ ဖရန်ကလိန်ရူစဗဲ့ က ၁၉၄၂ မဟာမိတ်ကြေညာစာတမ်း (Declaration by United Nations) မှာ United Nations ဆိုရေ စကားလုံးကို စ ပနာ အသုံးပြုစာက စ လို့ United Nations (ကုလသမဂ္ဂ) ဆိုရေစကားစာ သမိုင်းဝင်ဖြစ်လာခပါရေ။ ၁၉၄၅ ခုနှစ်မှာတော့ အမေရိကန်နိုင်ငံ၊ ဆန်ဖရံဆိစကိုမှာ စစ်အတွင်းက သမဂ္ဂ ကျရေနိုင်ငံပေါင်း ၅၀ က အပြည်ပြည်ဆိုင်ရာအသင်းအဖွဲ့ညီလာခံ ကို ကျင်းပရေ အချိန်မှာပင် ကုလသမဂ္ဂ အဖွဲ့ကို စတင်ဖွဲ့စည်း ခ ပါရေ။ ကုလသမဂ္ဂ၏ ရည်ရွယ်ချက်ဖြစ်တေ လူ့အခွင့်ရေးကို အဖွဲ့ဝင်နိုင်ငံတိ လိုက်နာကျင့်သုံးမှု အားနဲရေအတွက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်ရေးကြေညာစာတမ်း (Universal Declaration of Human Rights) ကို ၁၉၄၈ ခုမှာ စတင်ထုတ်ဝီခပါရေ။

ဒီမိုခရေစီ ဆိုသော စကားသည် ဒီမိုခရေစီမျိုးစိ ချခါစ မြန်မာနိုင်ငံသားတိအတွက် မစိမ်းကေလည်း ဒီမိုခရေစီဆိုစာ ဇာလဲ၊ ဇာပိုင်လုပ်ဆောင်ချက်တိပါလဲ၊ ဇာလုပ်ငန်းတိလုပ်ရဖို့လဲ၊ ဇာပိုင်ဖွဲ့စည်းလေ ဆိုရေ မိန်းခွန်းတိ အတွက်တော့ အဖြေရှာနိန်တုန်းထင်ပါယင့်။

**ဒီမိုခရေစီဆိုစာ ဇာပါလေ။** ။ ဒီမိုခရေစီဆိုစာ (ဂရိဘာသာမှာအခြီပြုသည့်) လက်တိန်စကား ဒီမို (Demo) လူထု နှင့် ကရေတီးယာ (Kratia) အုပ်ချုပ်ခြင်း ဆိုရေ စကားနှစ်လုံးကိုပေါင်းစပ်ထားစာပါ။ ဒီမိုခရေစီဆိုစာ လူထုအစိုးရ (Government of the People) ကိုခေါ်စာပါ။ လူထုအရေးကိစ္စအတွက် လူထုက ရွီးချယ်တင်မြှောက်ထားရေ အစိုးရ တရပ်ကို ဒီမိုခရေစီအစိုးရ လို့ခေါ်ပါရေ။ ဒေနိန့် ရခိုင်လူထုက ရွီးကောက်တင်မြှောက်ထားရေ ရခိုင်ပြည်ဒီမိုခရေစီအစိုးရ ရေ ရခိုင်လူထုအရေးကိစ္စအတွက် အချိန်၊ ငွီ၊ အကြံဉာဏ်အားဖြင့် ဇာလောက် အသုံးချထားပါယာလေ။ ယပိုင်မဟုတ်ကေ ဒေနိန့် မြန်မာနိုင်ငံဒီမိုခရေစီရေ ရခိုင်ပြည်သားတိအတွက် မဟုတ်ပါ။

စာမျက်နှာ ၁၂ သို့

# အမြန်ဆုံးပို့ဆောင်းဆက်သွယ်ရေး ယန္တရားတမျိုး (သို့မဟုတ်) ရေဒီယိုလှိုင်း

ကျော်သိန်း ခိုင်

အမေရိကန်ကမ်းခြီတခုမှာ တိုက်ခတ်နိန်ရေ ရီလှိုင်းတိက စာရီးဆရာ ဒိန်းဒေါင်၏ အတွေးလှိုင်းကို ဖြစ်ပေါ်စီရေ။ သူ၏အတွေးလှိုင်းက အကျွန့်ရင်ကို ဆက်လက်တိုက်ခတ်တေခါ အကျွန့်ရီးလက်စ စာတိကို ခေတ္တရပ်တန့်ပနာ လှိုင်းအကြောင်းတိကို ဆက်လက် စာစီဖြစ်လားပါရေ။

ပင်လယ်ကမ်းခြီတလျှောက်မှာ နိန်ထိုင်ကတ်တေ အကျွန်ရို့တိအဖို့ ရီလှိုင်းစွာ ငယ်ပေါင်းကြီးဖက်တိဖြစ်ကတ်တေ။ ရခိုင်နန့် ရီလှိုင်းစွာ ခွဲခြားလို့ မရ စကောင်းရေ အရာလည်းဖြစ်တေ။ အကျွန်ရို့၏ အမျိုးသားသင်္ကေတ (National Identity) ထဲမှာ သဇင်ပန်း၊ ရခိုင်စည်၊ ဝံလက်ငှက်၊ ဗျလ် ရို့ပါဝင်ကတ်တေ။ နောက်ထပ်လိုအပ်တေခါ ရီလှိုင်းကိုလည်း အမျိုးသားသင်္ကေတ (NI) အဖြစ်နန့် အသုံးချကေ ရနိုင်ကောင်းယင့်လို့ တွေးနိန်မိရေ။

လောကမှာ လှိုင်းအမျိုးမျိုးတိ ဟိကတ်တေ။ ယင်းလှိုင်းတိကတော့ကေ လျှင်လှိုင်း၊ အပူလှိုင်း၊ အလင်းလှိုင်း၊ ရီလှိုင်း၊ လီလှိုင်း၊ အသံလှိုင်း၊ လျှပ်စစ်လှိုင်း၊ ရေဒီယိုလှိုင်း၊ လျှပ်စစ်သံလိုက်လှိုင်း အမျိုးအစားတိဖြစ်ကတ်တေ။ ယင်းလှိုင်း အမျိုးအစား အမျိုးမျိုးထဲမှာ လူတိုင်းနန့်မကင်းနိုင်စွာက လီလှိုင်းပါ။ လူတိစွာ နိစ္စဓူဝ စက္ကန့်မလပ် စကားပြောနိန်ကတ်ရရေ။ ယင်းပိုင် စကားပြောရေခါ အသံလှိုင်းကိုဖြစ်ပေါ်စီရေ။ ယင်းအသံလှိုင်းစွာ လီ မော်လီကျူးတိကို ဖြတ်သန်းပနာ အခြားလူတိနားထဲကိုရောက်လားပါရေ။ ယင်းပိုင်နည်းနန့် လူနန့်လူချင်း ဆက်သွယ်ရီး၊ လူမှုဆက်ဆံရီး ဆိုစွာတိကို ဖြစ်ပေါ်လာစီပါရေ။

## အသံလှိုင်း၏အကန့်အသတ်

လူတယောက်၊ အစွမ်းကုန်အော်လိုက်တေ အသံစွာ အများဆုံးမိုင်ဝက်လောက်တောင်ခရီးမပေါက်နိုင်ပါ။ ယကေလည်း လူသားရို့၏ ဉာဏ်ပညာက အကန့်အသတ်မဲ့ဖြစ်လို့ မဖြစ်နိုင်လို့ထင်ခ ရရေ အရာတိတောင်ဖြစ်လာရရေ။ လူသားဘဝတိုးတက်မြင့်မားဖို့ ကြံဆောင်ခရေအထဲမှာ ဘာသာစကားတီထွင်မှု၊ စာပီတီထွင်မှုတိ အရေးကြီးရေပိုင် စကားသံကို အဝီးခရီးသို့ ပို့ဆောင်ပီးနိုင်ဖို့အတွက် ရပ်ဝီးခရီးဆက်သွယ်ရီး (Teleco-mmunication) တီထွင်မှုစွာလည်း အရေးကြီးအခန်းကဏ္ဍတခုက ပါဝင်ပါရေ။ ယင်းရပ်ဝီးဆက်သွယ်ရီး စနစ်၏ ကောင်းမှုကြောင့် ဒေနိန့် လူသားရို့စွာ ကမ္ဘာ အစ နန့် အဆုံးကို တမဟုတ်ချင်း အလွယ်တကူ ပြောဆိုနိုင်ကတ်ပြီးဖြစ်တေ။ ယင်းလူ့စကားသံကို အဝီးသို့ ရောက်အောင် ပို့ဆောင်ပီးရေ နည်းလမ်းစွာရေ ကကောင်းစိတ်ဝင်စားဖို့ကောင်းရေ။ အီလက်ထရောနိဆက်သွယ်ရီးအိန်ဂျိန်နီယာ (Electronic Communication Engineering) ဘာသာရပ်တခုလည်းဖြစ်တေ။ ယေဇုအသိပညာရှာဖွီနိန်ကတ်တေ စာဖတ်ပရိတ်သတ်တိစိတ်ဝင်စားကတ်ဖို့ လို့ ယူဆမိရေအတွက် ဒေဆောင်းပါးကို ရီးဖြစ်ပါရေ။

## လှိုင်းသဘာဝ

လှိုင်းသဘာဝ (ခ) လှိုင်းနိယာမကို ဒိန်းဒေါင်က သိပ္ပံနည်းကျ တင်ပြလားခ စွာ ကကောင်းစိတ်ဝင်စားမိရေ။ လှိုင်း၏ အရေးကြီးဆုံး အင်္ဂါရပ်တိက လှိုင်းအလျှား (Wave Length)၊ လှိုင်းအမြင့် (Amplitude) နန့် ကြိမ်နှုန်း (Frequency)ရို့ဖြစ်ပါရေ။ လှိုင်းစွာ စက်ဝိုင်း(Cycle)သဖေါ ဖြစ်လို့ စက်ဝိုင်းခြမ်းနှစ်ခု ပါဝင်ရေ။ အထက်ဖက်က စက်ဝိုင်းခြမ်းကို Positive Half Cycle(အဖိုလှိုင်းဝက်)၊အောက်ဖက်က စက်ဝိုင်းခြမ်းကို Negative Half Cycle (အမ လှိုင်းဝက်) လို့ခေါ်ရေ။ ယေဇု လှိုင်းမှာ ‘အဖို – အမ’ သဖေါလည်းဟိပါရေ။ Alternating Current (A.C) (ပြန်လှန်လျှပ်စီး) လို့ခေါ်ရေ လျှပ်စစ်လှိုင်းမှလည်း အဖို အမ ဟိရေအတွက် လူကိုဓါတ်လိုက်စီရေ။ လျှပ်စစ်လှိုင်း ဗို အားများရေခါ အသက်ကိုပင် သီစီနိုင်ရေ။ D.C လို့ခေါ် ရေ တိုက်ရိုက်လျှပ်စစ်မှာတော့ အဖို–အမ သဖေါမဟိ။ တဖက်တည်းကိုရာ စီးဆင်းရေ။ ယင်းအတွက်နန့် ဓါတ်မလိုက်နိုင်။ ဓါတ်ခဲရို့၊ ဘက်ထရီရို့စွာ ဒီစီအမျိုးအစားလျှပ်စစ်ဖြစ်လို့ ဓါတ်မလိုက်ပါ။


## စာစဉ်မှာယူလိုလျှင်

အေသတင်းစိုဥ်ဝယ်ယူအားပီးလိုသူများအနိန်ဖြင့်အောက်ဖေါ်ပြပါနီးစပ်ရာစာစဉ်ကူညီဖြန့်ချီပီးသူများမှတဆင့်ဆက်သွယ်ဝယ်ယူနိုင်ကတ်ပါသည်။ အထူးကျေးဇူးတင်ပါသည်။

*ကို ဦးသိန်းမောင် (အိုင်အိုဝါ)*

☎ *၅၁၅-၃၂၆-၄၆၂၂*

ကို ကျော်သိန်း (ချီကာဂို)

☎ ၇၇၃-၄၁၄-၂၈၁၃

*ကို အောင်ထွန်းစိန် (ပိစ်ဘာ့ဂ်)*

☎ *၄၁၂-၄၀၃-၇၈၂၂*

ကို ခိုင်မင်းဖုံ (ဘာဖဲလို)

☎ ၇၁၆-၃၀၈-၃၅၆၆

*ကို ဆန်းလှိုင် (မီဝေါကီ)*

☎ *၄၁၄-၄၈၄-၅၇၃၈*

ဂိုးချေ (ယူတား)

☎ ၈၀၁-၅၁၂-၁၀၃၆

*ကို ကျော်သိန်း (မီဇူရီ)*

*ဖုန်း ၈၁၆-၂၉၄-၈၄၅၁*

ကို စောသိန်းမောင်(ချီကာဂို)

☎ ၆၃၀-၇၄၉-၈၀၈၃






လူနားနန့်ကြားနိူင်ရေ အသံစွာရေ အကန့်အသတ်ဟိပါရေ၊ ၂၀ ဟာ့ဇ် နန့် ၂၀၀၀၀ ဟာ့ဇ် အတွင်းမှာဟိရေအသံကိုရာ လူနားနန့် ကြားနိူင် ရေ၊ ၂၀ ဟာ့ဇ်ထက် နိမ့်လားကေ သော်လည်းကောင်း၊ ၂၀၀၀၀ ဟာ့ဇ်ထက် မြင့်လားကေ သော်လည်းကောင်း လူနားနန့် မကြားနိူင်ပါယာ၊ ယင်းလူနားနန့် ကြားနိူင်ရေ အသံလှိုင်းကို . . . . .

● ● ● ● ● ●

ဒိန်းဒေါင်က လှိုင်းမှာ အလျှား၊ အနံ၊ ထုထည် မဟိလို့ ဆိုခရေ အတွက်အေဂု အကျွန်တင်ပြနိန်ရေအချက်နန့်ကွဲလွဲနိန်ပါရေ။ ယကေလေး ပြဿနာမဟိပါ။ ဇာဖြစ်လို့လဲ။ နယူတန်တင်ပြခရေ နိယာမ ထဲမှာ ဒြပ်ထု၏ အငယ်ဆုံးအစိတ်အပိုင်း Atom (အနုမြူ) ကို နောက်ထပ် ခွဲစိပ်လို့ မရနိူင်ယာ လို့ ပြောခ ရေ။ ယကေလေးသော့ ရူသာဖို့ (Rutherford) ရို့ လက်ထက်ကိုရောက်တေခါ အနုမြူကို Electron (ဓါတ်မ)၊ Proton (ဓါတ်ဖို) Neutron(ဓါတ်မဲ့) ဆိုပြီးကေ သုံးမျိုးတောင် နောက်ထပ်ပနာ ခွဲစိပ်နိူင်ခရေ။ ယကေလေး နယူတန်အယူအဆကို ဝေးမပစ်ပါ။ ကျောင်းမှာ အေဂုထိ ပြဋ္ဌါန်းထားတုန်း ဖြစ်တေ။ ရူသာဖို့ အယူအဆကို မသင်ခင် နယူတန်၏ အခြေခံအယူအဆတိကို အယင်သိထားဖို့ လိုအပ်လို့ သင်ကြားရခြင်းဖြစ်တေ။

### ပို့ဆောင်ဆက်သွယ်ရီး

လူတယောက်၏ သာမာန် လမ်းလျှောက်နူန်းစွာ တနာရီ (၃) မိုင်နူန်း ဖြစ်လို့ တရက်မှာ (၈) နာရီ မတန့်ပဲလျှောက်ဖို့ဆိုကေတောင် အများဆုံး မိုင် (၂၀) ကျော်လောက်ရာ ခရီးပေါက်နိူင်ရေ။ ကမ္ဘာ့ အစ နန့် အဆုံးကို ရောက်နိူင်ဖို့ကတော့ လူ့ခြေထောက်နန့် ဇာပိုင်လဲ မဖြစ်နိူင်ပါ။ ယေဇု ခရီးဝီးကို လားဖို့အတွက် ပို့ဆောင်ရေးယဉ်တိဖြစ်တေ ကား၊ ရထား၊ သင်္ဘော၊ လီယဉ်ပျံ၊ အာကာသယဉ်တိကို အသုံးပြုကတ်ရပါရေ။ ဒေနိ ယင်းယဉ်တိအားကိုးနန့် စကြ်ာဝဠာအနှံ့ ခရီးဆန့်နိူင်ကတ်ယာဖြစ်တေ။

### အသံပို့ဆောင်ဆက်သွယ်ရေး

လူ့အသံစွာ ကကောင်းအားနည်းရေအတွက် ခရီးဝီးကို မရောက်နိူင်။ ယေဇု ယင်းအသံကို ခရီးဝီးသို့ ပို့ပီးနိူင်ဖို့အတွက် နည်းလမ်းတိကို အပတ်တကုတ် ရှာဖွီခကတ်တေ။ ယေခါ လူတိစွာ အသံလှိုင်းနန့် ရေဒီယိုလှိုင်း ဆိုရေ လှိုင်းသဘာဝတိကို လားတွိ့ကတ်ပါရေ။ ယင်းလှိုင်း နှစ်ခုကို ရောနှောပေါင်းစပ်ပနာ လူ့စကားသံကို အဝီးခရီးထိရောက်အောင် ပို့ဆောင်ပီးနိူင်ခ ကတ်ပါရေ။

### အော်ဒီယိုလှိုင်း

အပူချိန်ကို ဒီဂရီ လို့ခေါ်ရေ ယူနိ (Unit) နန့် ပြောကတ်တေပိုင်၊ အသံလှိုင်းနန့် ရေဒီယိုလှိုင်းရို့ကို ပြောရာမှာ ကြိမ်နူန်း (Frequency) သို့မဟုတ် လှိုင်းအလျှား (Wave Length) ရို့နန့် ပြောပါရေ။ ကြိမ်နူန်း၏ ယူနိက ဟာ့ဇ် (Hertz = Hz) ဖြစ်ပြီးကေ လှိုင်းအလျှား၏ ယူနိ ကတော့ကေ မီတာ ဖြစ်ပါရေ။ လူနားနန့်ကြားနိူင်ရေ အသံစွာရေ အကန့်အသတ်ဟိပါရေ။ ၂၀ ဟာ့ဇ် နန့် ၂၀၀၀၀ ဟာ့ဇ် အတွင်းမှာဟိရေအသံကိုရာ လူနားနန့် ကြားနိူင်ရေ။ ၂၀ ဟာ့ဇ်ထက် နိမ့်လားကေသော်လည်းကောင်း၊ ၂၀၀၀၀ ဟာ့ဇ်ထက် မြင့်လားကေသော်လည်းကောင်း လူနားနန့် မကြားနိူင်ပါယာ။ ယင်းလူနားနန့် ကြားနိူင်ရေ အသံလှိုင်းကို အော်ဒီယိုလှိုင်း (Audio Wave or Audio Frequency = AF) လို့ ခေါ်ကတ်တေ။ သင်ကြားပို့ချရီးစနစ်မှာ မှတ်သားရလွယ်ကူအောင် AF လို့ အတိုကောက် ပြောဆိုသုံးစွဲကတ်တေ။ အော်ဒီယိုလှိုင်း (AF) ၏ အားနည်းချက်တခုက ခရီးဝီးကို မရောက်နိူင်ပါ။ ယေဇု ယင်း AF လှိုင်းကို ခရီးဝီးသို့ ပို့ဆောင်ပီးဖို့အတွက် နည်းလမ်းရှာကတ်တေခါ 'ရေဒီယိုလှိုင်း' ဆိုရေ လှိုင်းတမျိုးကို လားတွိ့ပါရေ။

### ရေဒီယိုလှိုင်း

ရေဒီယိုလှိုင်းကို Radio Wave Or Radio Frequency လို့ ခေါ်ရေ။ အတိုကောက်အနိန်နန့် RF လို့ သုံးစွဲကတ်တေ။ ရေဒီယိုလှိုင်းစွာ ကကောင်းမြန်ဆန်အားကြီးလို့ ခရီးဝီးဆက်သွယ်ရီးအတွက် ကကောင်းအသုံးဝင်ရေ လှိုင်းတမျိုးဖြစ်တေ။ ယင်းလှိုင်းစွာ ဇာလောက်တောင်မြန်လဲဆိုကေ တစက္ကန့်မှာ မိုင်ပေါင်း ၁၈၆၀၀၀ ထိရောက်နိူင်ပြီးကေ တမိနိမှာ ကမ္ဘာလုံးကို(၇)ပတ်တိတိပတ်နိူင်ရေ သတ္တိထူးမျိုးဟိပါရေ။ ယင်းလှိုင်း၏ ကြိမ်နူန်းစွာလည်း အော်ဒီယိုလှိုင်း (AF) ထက် ကကောင်းမြင့်ပါရေ။

ယင်းရေဒီယိုလှိုင်း (RF) ကို အသံလွှင့်စက် (Transmitter) ထဲမှာ ဟိနိန်ရေ လှိုင်းထုတ်စက် (Oscillator) က ထုတ်လုပ်ပီးပါရေ။ ခရီးဝီး မရောက်နိူင်ရေ အော်ဒီယိုလှိုင်းကို အမြန်ယဉ် (ရေဒီယိုလှိုင်း) ထက်သို့ တက်ပြီး စီးခိုင်းလိုက်တေခါ လူရို့၏အသံလှိုင်းစွာ စကြ်ာဝဠာ အနှံ့ ခရီးဆန့်နိူင်လားရေ။ ယေဇု ယင်းရေဒီယိုလှိုင်းကို သယ်ယူပို့ဆောင်ရေးလှိုင်း (ခ) သယ်ဆောင်လှိုင်း (Carrier Wave) လို့ ခေါ်ကတ်တေ။ ယင်းလှိုင်းကို လျှပ်စစ်ကနိန် ထုတ်ယူရဟိရေအတွက် လျှပ်စစ်သံလိုက်လှိုင်း (Electro Magnetic Wave) လို့လည်း ခေါ်ကတ်သိမ့်ရေ။ လူ့အသံ (အော်ဒီယို) ကို သယ်ဆောင်ရေးယဉ် (ရေဒီယိုလှိုင်း) ထက်မှာ စီးနင်းဖို့အတွက် အသံလွှင့်စက်၏ အခန်းတခုမှာ ရောစပ်ပီးရပါရေ။ ယင်းလှိုင်းနှစ်မျိုး ရောနှောပီးရေ

→

စက်ကိုတော့ လှိုင်းရောစက် (Mixer) လို့ ခေါ်ပြီးကေ ယင်းလှိုင်းနှစ်မျိုး ရောစပ်ခြင်းကိုတော့ကေ မော်ဂျူလေးသျှန်း (Modulation) လို့ ခေါ်ပါရေ။

## လှိုင်းရောစက် (Mixer)

မော်ဂျူလေးသျှန်းကို အသံလွှင့်စက် (Transmitter) ၏ အစိတ်အပိုင်းတခုဖြစ်တေ လှိုင်းရောစက် (Mixer) ထဲမှာ ပြုလုပ်ပီးပါရေ။ Mic (မိုက်) က နိန် တဆင့်ဝင်လာရေ လူ့အသံ (အော်ဒီယို) နန့် လှိုင်းထုတ်စက်(အော်စလေတာ)က ထုတ်လုပ်ပီးလိုက်တေ ရေဒီယိုလှိုင်း (ပို့ဆောင်ရေးလှိုင်း)ရို့စွာ လှိုင်းရောစက် (Mixer) ထဲမှာ ရောနှောပေါင်းစည်းကတ်တေ။ ယင်းလှိုင်းရောစနစ်မှာလည်း နှစ်မျိုးနှစ်စားဟိပါ ရေ။ ယင်းချင့်တိက Amplitude Modulation + AM (လှိုင်းအမြင့်အတိုင်း ပြောင်းလဲလိုက်ပါ ရောစပ်ခြင်းစနစ်) နန့် Frequency Modulation = FM (ကြိမ်နှုန်းအတိုင်းလိုက်ပါ ပြောင်းလဲရောစပ်ခြင်း) ရို့ဖြစ်ကတ်တေ။ အိမ်သုံးရေဒီယိုတိမှာ AM , FM လို့ ရီးသားထားစွာကို လူတိုင်းမြင်ဖူးကတ်ပါလိမ့်မေ။




(AM, FM မော်ဂျူလေးသျှန်းများ၏ သဖေါတရားပြပုံကြမ်း)

## လှိုင်းခွဲစက် (Detector)

မော်ဂျူလေးသျှန်း နည်းနန့်ပို့ပီးလိုက်တေ လူ့အသံ (AF)စွာ ကြားခံလီထုကို ဖြတ်သန်းပနာ အခြားတဖက်မှာ ဟိရေ အသံဖမ်းစက် (Radio Receiver) သို့ ရောက်လာပါရေ။ ယင်းအဆင့်မှာ လူနားနန့် မကြားနိူင်သိမ့်ပါ။ မော်ဂျူလေးသျှန်းနည်းအရ လှိုင်းနှစ်မျိုး ရောနိန်ရေ အတွက် ယင်းအထဲက လူအသံ (အော်ဒီယို) ကို ပြန်ခွဲထုတ်ပီးပါရေ။ ယင်းပိုင် အသံခွဲထုတ်ခြင်းစနစ်ကိုတော့ ဒီမော်ဂျူလေးသျှန်း (Demodulation) လို့ခေါ်ပါရေ။ လှိုင်းခွဲစက် (Detector) က ခွဲထုတ်ပီးလိုက်တေလူ့အသံ (AF)စွာ ခရီးဝီးဖြတ်သန်းလာရရေအတွက် ကကောင်းအားနည်းနိန်ပါသိမ့်ရေ။ ယေဇ Audio Amplifier လို့ခေါ်ရေ အသံချဲ့စက်တိနန့် ထပ်ပနာ အသံချဲ့ပီးရပါရေ။ ယင်းချဲ့ထားရေ အသံကိုမှ စပီကာ (နားထောင်ခွက်) က ထုတ်ပီးလိုက်တေခါ အဝီးတနိန်ရာက ပို့ပီးလိုက်တေ လူ့အသံကို ပကတိအတိုင်း ပြန်ကြားရပါရေ။ အေဂုလောက်ဆိုကေ လူရို့တိအသံကို စကြာဝဠာအနှံ့ခရီးဆန့်နိူင်အောင် ဇာပိုင်ဖန်တီးထားကတ်လဲ ဆိုစွာကို အင်တန်ချေ တီးမိ၊ ခေါက်မိယာ လို့ ယူဆပါရေ။

## စာပီမြင့်မှ လူမျိုးမြင့်ဖို့

တရက်ထက်တရက် တိုးတက်ကောင်းမွန်လာရေ ခရီးဝီးဆက်သွယ်ရေးနည်းပညာတိကြောင့် သတင်းနန့် နည်းပညာ (IT) တိ တိုးတက်လာရေ။ ယင်း IT ကြောင့် ပညာပေါက်ကွဲရေကာလ (Knowledge Exploration Era) ကိုတောင် ရောက်လာပါယာ။ ကမ္ဘာကြီးက အံ့မခမ်းတိုးတက်နိန်ရေ ကာလတခုမှာ အကျွန်ရို့တိအဖို့ အံ့မခမ်းအောင် နိမ့်ကျနိန်ရ သိမ့်ရေ။

ဇာပိုင်ပင်ဖြစ်စီကာမူ ဖွံ့ဖြိုးတိုးတက်လာရေ အဆင့်မြင့် ဆက်သွယ်ရေးနည်းပညာတိနန့် အိုင်တီနည်းပညာတိကို အပြည့်အဝ အသုံးချပနာ တိမ်မြုပ်ပျောက်ကွယ်လုဆဲ ရခိုင်စာပီလှိုင်းသစ်တရပ်ကို အားလုံးပုံဖေါ် ဖန်တီးကတ်ဖို့နန့် နိမ့်ကျနိန်ရရေ မိမိရို့ လူမှုဘဝတိကို စာပီအသိပညာကထပ်ဆင့် ပေါက်ဖွါးလာရေ ဉာဏ်ပညာတိနန့် မြှင့်တင်ယူကတ်ဖို့ တိုက်တွန်းလိုက်ပါရစီ။ ပညာပြည့်ဝ နှလုံးလှရေ လူချွန် လူမွန်တိ အဖြစ်နန့် အနာဂါတ် ရခိုင်ပြည်သစ်ကို ဖန်တီးနိူင်ကတ်ပါစီ။

## ကျော်သိန်းခိုင်

***"သမီးနှစ်ယောက်၊ အမိသည် နန့် ကျွန်တော်"*** ဝတ္ထုတို (စာမျက်နှာ ၁၅) မှ

'သရက်သီးအကြီးသန်၊ နပျိုးသီးသုံးလုံး၊ ပန်းလှတပွင့်၊ ကြွက်အသီတကောင်' လို့ ပြောဖို့မတတ်။ ပြီးကေ ကြည့်ပါတချက်။ 'သုံးခုနပျိုးသီး' ပါလတ်။ ဇာလောက် စိတ်ပျက်ဖို့၊ အားကုန်ဖို့ကောင်းပါလေ။ ကျွန်တော်လေ့ စိတ်မကောင်းဖြစ်ယင်း 'အသီးဆိုကေ တလုံးနှစ်လုံးလို့ ပြောရရေ၊ အရာဝတ္ထုတိဆိုကေ တခုနှစ်ခုလို့ ပြောရဖို့၊ လူကိုကျခါ တယောက်နှစ်ယောက်လို့ ခေါ်ရရေ။ တိရိစ္ဆာန်တိဆိုကေက တကောင်နှစ်ကောင်လို့ သုံးရဖို့' ဆိုပြီးကေ သင်လက်စ ဆက်တိုက်သင်လိုက်ရပါရေ။

အိန်း။ ကိုယ်နန့်ကိုယ့်အိမ်သားအကြောင်းကို စဉ်းစားကြည့်မိတိုင်း ကျွန်တော် ရင်မောရပါရေထော။ ကျွန်တော်ရို့အိမ်သားအကြောင်းက လူကဲ့ရဲ့စရာ ဖြစ်နိန်ဖို့ထင်ပါယင့်။ ဖြစ်ကေလေ့ မတတ်နိုင်ပါဗျာယ်။ ကဲ့ရဲ့ချင်လူ ကဲ့ရဲ့ကတ်ပါလီဖိ။ အားလုံး ကျွန်တော်ညံ့လို့ ဖြစ်ရစွာပါယေ။

## မောင်နိုင်စော

၂၅ ‧ ၀၅ ‧ ၁၂

# သနတ်တိနန့်တေထား မြို့ ဆိုမာလီးယား (၂)

## နီတောက်ကြယ်






(အယင်လ မှ အဆက်)

သူရို့လုပ်လိုက်တေ အလုပ်ကြောင့် နောက်ဆက်တွဲ ဇာဖြစ်လားနိုင်လေ ဆိုစွာ အကျွန်ပြုရဖို့။ ယှယှင်းပြောရကေ သူရို့စွာ ဒေ ဆီးရုံကိုရောက်လို့ အကျွန်ဆီးကုပီးလိုက်တေ မိခင်ရို့၏သားတိ၊ အကျွန်ပြုစုပီးလိုက်တေ အမျိုးသမီးတိ၏ အိမ်ထောင်သျှင်တိ၊ အကျွန် ကူညီပီး လိုက်တေ မမ တိ၏ အကိုမောင်ဖွားတိဖြစ်ကတ်ပါရေ။

◆ ◆ ◆ ◆ ◆ ◆ ◆

အကျွန့်လူနာ အာဂန္တုတိကို မိုးသောက်ခြောက်ချက်တီးကပင် နိခင်းတချက်တီးအထိရာ တွိ့နိန်ရကေလေ့ အကျွန့်မျက်နှာကိုအကျွန် အကြောက်အရွံ့မဟိယောင် ဆောင်ထားရရေ။ ဇာပိုင်ပင်ဆိုစီ စစ်မြိုပြင်မှာ ပထမဆုံးသီလားရေ လူနာနှစ်ယောက်ပိုင် ဆီးဝါးကုသမှု မရကတ်တေလူတိကို အကျွန့်စိတ်ထဲက ဖျောက်ပျက်လို့ မရနိုင်သိမ့်။ ဒေသအခြိစိုက် သတင်းသမားတယောက်နန့် အိန်တာဗျူးချေတခုမှာ အကျွန့် အိမ်ယာပိုင်ဆိုင်မှုတိ ဝင်ရောက်မွှိနှောက်ခံရပုံတိ၊ အကျွန့်လူနာ အာဂန္တုတိ၊ ဆီးကုသမှုလိုအပ်နိန်ရေ အချေ၊ မမတိ ကို သတ်ပုတ်နှိပ်စက်ခကတ်ကြောင်း အကျွန်ထည့်သွင်းပြောခပါရေ။ ဂုကတော့ခါ နယ်မြိုအအီးချချမ်းကျလားပါဗျယ်။ သူရို့အလံကိုလေ့ ရှုပ်လားကတ်ဗျယ်။ ထွက်လေ့ထွက်လားကတ်ဗျယ်။ ယေလေ့ ယင်းကျူးကျော်ဝင်ရောက်လူတိဘားမှာရာ အစစ အရာရာ က မူတည်နိန်စွာရာ။

နောက်တရက်ခါ တပ်သားတယောက် ဆယ့်သျှစ်နှစ်အရွယ် သနတ်ကိုင်ဆောင်ထားရေ အချေနှစ်ယောက်နန့်တတူ အကျွန့်ဘားကို ရောက်ပါလတ်ကတ်တေ။ ပြီးနာ "ဒေါက်တာ ဟာဝ၊ နင်စွာ ကကောင်းဂေါင်းမာရေ မမ ရာမနား။ အိန်တာဗျူးမဖြေဖို့ နင့်ကိုဇာနှစ်ခါပြောရဖို့လဲ" ဆိုဗနာ အကျွန့်ကိုပြောလိုက်တေ။

"နင် စွာ ဝါကြီးမ တလုံးရာ၊ တခုလေ့မလုပ်ပဲထိုင်နိန်ရဖို့ဗျယ်" လို့ သူ ဆက်ပြောရေ။

"ငါ ငါ့တိုင်းပြည်နန့် လူမျိုးအတွက် တခုခုလုပ်နိန်စွာရာ၊ မင်းစွာ လူငယ်လေ့ဖြစ်တေ တက်တက်ကြွကြွလေ့ဟိရေ၊ ယေကေလေ့ မင်းကိုယ့်တိုင်း ပြည်ကိုယ့်လူမျိုးအတွက် ဇာတခုလုပ်ပြီးဗျယ်လေ" ဆိုဗနာ အကျွန် ပြန်မိန်းလိုက်တေ။

အကျွန့်နားက သူနာပြုမ(nurses)တိ ကြောက်နိန်ကတ်ဗျယ် ဆိုစွာ အကျွန်သိရေ။

"မင်းယောကျာ်းတယောက်လေ့ဖြစ်တေ၊ မင်းအကူအညီလိုအပ်နိန်ရေလူတိအတွက် ကောင်းကျိုးတခုခုလုပ်ပီးသင့်ရေ" လို့ အကျွန် တတည်ငြငြိမ် ပြန်ပြောလိုက်ပါရေ။

သူရို့သနတ်တိကိုပြန်ရုပ်လားကတ်တေ။ ယေဒါလေ့သွင့် ဆီးခန်း၊ ကျောင်း၊ သန့်ရှင်းရေးဌာနနန့် စခန်း(camp) ထဲတိမှာ ဟိဇ်ဘူ အီစလမ်တိ၏ ရက်စက်ကြမ်းကြုတ်မှုတိ အပြိုအပျက်အစီးတိ အရာထင်နိန်တုန်းသိ။ အကျွန့်ဂေါင်းအနောက်ခြမ်းလေ့ အကျွန့်ဆီးရုံနာကြင်ရရေပိုင်နာနိန်တုန်းသိ။

တပတ်လောက်အကျွန် မထနိုင် မထိုင်နိုင်ဖြစ်ပြီးရေနောက်မှာ ယင်းသနတ်သမားတိ အကျွန့်အခန်းကို ရောက်ချပါလတ်ကတ်တေ။ ဒေတခါတောင်းဆိုမှုအသစ်တခုနောင့်။ "ဒေဆီးရုံနန့် စခန်း(camp) ကို ဖွင့်ခွင့်ပြုလိုက်ဗျယ် လို့ငါရို့ မီဒီယာကိုပြောပြီးဗျယ်၊ နင်အဂုဖွင့်လိုက်ဖိ"။

"ငါရာသူရို့ပြောရေအတိုင်း ဒေနိ ဆီးခန်းဖွင့်၊ လူနာတိကိုပြုစုလိုက်ကေ နက်ဖြန်ခါပြန်လာဗနာ အရာပြန်ပိတ်ခိုင်းနိန်ဖို့" ဆိုစွာ အကျွန်သဖောပေါက်လိုက်ပါရေ။ သူရို့လုပ်လိုက်တေ အလုပ်ကြောင့် နောက်ဆက်တွဲ ဇာဖြစ်လားနိုင်လေ ဆိုစွာ အကျွန်ပြုရဖို့။ ယှယှင်းပြောရကေ သူရို့စွာ ဒေ ဆီးရုံကိုရောက်လို့ အကျွန်ဆီးကုပီးလိုက်တေ မိခင်ရို့၏သားတိ၊ အကျွန်ပြုစုပီးလိုက်တေ အမျိုးသမီးတိ၏ အိမ်ထောင်သျှင်တိ၊ အကျွန်ကူညီပီးလိုက်တေ မမ တိ၏ အကိုမောင်ဖွားတိဖြစ်ကတ်ပါရေ။

"ငါ့ကိုတောင်းပန်စာ မပို့သရွီ ငါ လုံးဝ ဖွင့်လီဖို့မဟုတ်" လို့ အကျွန်ပြောလိုက်တေ။

→

ခုနှစ်ရက် တပတ်ကြာရေအခါမှာ သူရို့၏ဒုတိယတပ်ဖိုလ်မှူးကြီး ကတဆင့် ဆိုမာလီနောင့် အိင်္ဂလိချ် နှစ်မျိုးရီးထိုးထားရေ စာတိပို့လာ ရေ။ ပထမဆုံး အကျွန့်ဘားသို့တောင်းပန်စာ၊ ဒုတိယ အစိုးရမဟုတ်တေ ကူညီထောက်ပံ့ပီးအဖွဲ့အစည်းဘားသို့တစောင်၊ စခန်းနန့် စခန်းဝန်ထမ်း တိဘားသို့တစောင်၊ ဆိုမာလီအနားတဝိုက်မှာနိန်ရေ ချစ်သူဆွေမျိုးမိသား စု ဆုံးယုံ့းရရေလူတိဘားသို့တစောင် အသီးသီးလက်ခံ ရဟိပါရေ။

“ငါစွာ ဆိုမာလီလူမျိုးတယောက်၊ ငါသည်အမင်၊ ငါသည် ဆရာဝန်တယောက်၊ ငါ့သည်လေးစားခံထိုက်တေ၊ ချီးမြှောက်ခံလိုက်တေ၊ ငါ မင်းပတ်ဝန်းကျင် မှာဟိနိန်ရေ လူတိအများကြီးကို ကူညီရေ စောင့် ရှောက်တေ။ မင်းယင်းချင့်တိကနိန် ငါ့ကို ပိတ်ပင်ခ စွာ ကကောင်း ဝမ်း နည်းဖို့ကောင်းရေ” လို့အကျွန် ဒုဗိုလ်ချုပ်ကြီးကို ပြောလိုက်ခြင်းဖြစ်တေ။

အလှူရှင်တိ၏ ပီးကမ်းရက်ရောမှုအတွက် အကျွန်ကျေးဇူး အထူးတင်ရေ။ အကျွန်ရို့ဆီးရုံကို တဖြည်းဖြည်းချင်းစီ ပြန်ဆောက်နိန် ကတ်ဗျာလ်။ မိခင်နန့်အချေ ကျန်းမာရေး ဆီးပီးဌာနတိကို တိုးချဲ့တည် ဆောက်နိန်ဗျာလ်။ ပညာရေး ကဏ္ဍတိကိုပါ ထည့်သွင်းလုပ်နိန်ပါဗျာလ်။ ယေ ဒါလေ့သွင့် ဆိုးစွာတခုက ပြီးခရေယင်းတိုက်ခိုက်မှုတိကြောင့် ဒေသတွင်း မှာဟိခရေ ကမ္ဘာ့ စားနပ်ရိက္ခာနန့် နယ်စီးမခြား ဆရာဝန်များအသင်းတိ မဟိလိုက်ကတ်ဗျာလ်။ အခြေအနေက ကကောင်း ဆဆိုးဝဝါးသိ။

အဂုအကျွန်ရို့အကြီးမားဆုံး အခက်အခဲတခုနန့် ရင်ဆိုင်နိန်ရ ပြန်ဗျာလ်။ မိုးခေါင်ရီးယှားမှုကြောင့် လူတိ ငတ်ကျန်ခကတ်တေ။ အကျွန့် အတွို့အကြုံအရဆိုကေ (၁၉၉၂) ခုနှစ်မှာဖြစ်ခစွာထက်ပင် ဆိုးဝါးပါရေ။ အခြားရွှီးချယ်စရာလမ်းမဟိရေအတူတူ အနောက်ဖက် မိုင် (၁၅၀) ထက် ဝီးရေ ဘိုင်ဒေါင်(Baidoa) ဒေသကနိန် လူတိ အစာရီစာရဖို့ လမ်းလျှောက် လာကတ်ရပါရေ။ လူတိ မကန်မကန် လမ်းမှာ လဲကျလားကတ်တေ။ သီလားကတ်တေ။ သူရို့မိသားစုတိလေ့ တခုလေ့မတတ်နိုင်။ ယင်း အ တိုင်းလမ်းမှာမြုပ်ပစ်ကတ်ရပါရေ။ အကျွန့်ဆီးရုံရို့မှာ တန်းစီပြီးနာ ရပ် စောင့်နိန်ကတ်ရရေ လူနာရာပေါင်းများစွာတိရေ အာဟာရပြတ်လတ်လို့ သီလုနီးပါးဖြစ်နိန်ရေ အဘုချေတိကို ထမ်းထားရေ အမျိုးသမီးတိပင်ဖြစ် ပါရေ။

အကျွန်ရို့မှာ သူရို့အတွက် နိန်ဖို့ နိန်ရာထိုင်ခင်းမဟိရေ အခါ မှာ သန့်စင်ရေရီ နန့် ဆီးကုသမှုကိုရာ တတ်နိုင်သလောက်ပီးကမ်းရပါ ရေ။ အကျွန်ရို့မှာ လက်ခံရဟိထားရေ ငွီကြီးအင်အားနန့် တရက်မှာ လူ ပေါင်း တစ်သောင်းနှစ်ထောင်လောက်ကို ကျွေးမွေးနိုင်ရေ အရေးပေါ် အစားအသောက်ထောက်ပံ့ရေးဌာနတိ ဆက်တိုက်ဆက်တိုက်ဖွင့်ဖို့ မလောက်မငှဖြစ်ကတ်ရပါရေ။ အကျွန်ရို့ဒေသခက်အခဲတိကိုကျော်လွှန်နိုင် ဖို့၊ ပုံမှန်အခြေအနေသို့ ပြန်ရောက်နိုင်ဖို့အတွက် နိုင်ငံတကာအသိုင်း အဝိုင်း၏ ကူညီထောက်ပံ့မှုတိ ရင်းနှီးမြုပ်နှံမှုတိ အများအပြားလိုသိမ့်ရေ လို့ရာ အကျွန်ယူဆပါရေ။

လူကြီးတိက အကျွန့်ကို “အဘာလေး ယင်းသူရို့နင့်ကို တချိန်း တည်းနန့်ပစ်သတ်ပလိုက်လိမ့်မေ” ဆိုဗနာ တတိုးချေ သတိပီးကတ်တေ။ ယေဒါလေ့သွင့် အကျွန်ပြောခစွာတိကို အကျွန်မရုပ်သိမ်းနိုင်။

“ယေကေ . . . သူရို့ ငါ့ကိုပစ်သတ်ဖို့ပါ . . ဟုတ်လာ။ ယပိုင်ဆိုကေ တောင် ငါ့ဂုဏ်သိက္ခာအပြည့်နန့်သီရသိမ့်ယင့်” လို့ အကျွန်ပြန်ပြော လိုက်တေ။ ။

## နီတောက်ကြယ်

(“Under Siege in Somalia, A People Plagued By Catastrophic Famine And the Tyranny of Fanatics” by Dr. Hawa Abdi with Sarah J. Robbins § Newsweek (August 15, 2011) ကို ဘာသာပြန်ပါသည်။)

‘သုတ’ နန့် ‘ရသ’ ရို့ကိုလည်းကောင်း

‘သတ္တိ’ နန့် ‘ခွန်အား’ ရို့ကိုလည်းကောင်း

‘မခုရတာ’ နန့် ‘ပညာ’ ရို့ကိုလည်းကောင်း

ပီးစွမ်းနိုင်သော စာများဖြင့်

လူ့အဖွဲ့အစည်းကို အလှဆင်တင့်တယ်စီအံ့။ ။



‘နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်’ သို့ စာမူ ရီးသားပီးပို့ကတ်သောရခိုင်စာရီး ဆရာ/ ဆရာမများ၊ ဝယ်ယူအားပီးသူများ၊ ကူညီဖြန့်ချီပီးသူများနှင့် ရက္ခိုင်အမျိုးကောင်းသား၊ အမျိုးကောင်းသမီးအပေါင်းအား အထူးကျေးဇူးတင်ဟိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

(ဒီမိုခရေစီမိတ်ဆက် မှ)

‘တရားမျှတမှု’ ဟူသော စကားလုံးသည်လက်ဟိမြန်မာဒီမိုခရေစီ ပိုလစီအရ သုံးနှုန်းထား ကတ်ကေလည်း ယင်းမူဝါဒကို ရခိုင်သားတိပါ ကျင့်သုံးနိုင်ရေလို့ ပြောလို့ရနိုင်ပါဖို့လား။ ရခိုင်ပြည်က ထွက်သမျှသော သယံဇာတတိကို ပြည်သူပြည်သားများအား သုံးစွဲခွင့်မပီးပဲ လက်ဝါးကြီးအုပ်ခြင်းသည် ဒီမိုခရေစီမူလား၊ အရင်းသျှင်မူ လား? ယင်းဒီမိုခရေစီကို ရခိုင်သားတိယုံကြည်သင့်ပါလား?

◆ ◆ ◆ ◆

**အခြီခံကျသောလွပ်လပ်မှုနှင့် အခွင့်အရေး။** ။ လူ့အခွင့်ရေးဆိုစာ ဒီမိုခရေစီစနစ်၏ အစိတ်အပိုင်းတိထဲက အဓိကအစိတ်ပိုင်းတခုပါ။ ဒီမိုခရေစီနိုင်ငံမျိုးမှာရာ လူ့အခွင့်ရေးဆိုစာ ဖြစ်နိူင်စာမျိုးပါ။ ဒီမိုခရေစီစနစ်ကရာ နိုင်ငံတော်၏ အဓိက အစိတ်အပိုင်းသုံးခုကို တဦးတယောက်လက်ထဲက ကာကွယ်ပီးနိုင်စာမျိုးပါ။ ယင်းသုံးခုက (၁) ဥပဒပြုရေး၊ (၂) တရားစီရင်ရေးနှင့် (၃) အုပ်ချုပ်ရေးပါဝါတိ ဖြစ်ပါရေ။

လူအခွင့်ရေးဆိုစာ တရားမျှတ မှုဟိမှ ဖော်ဆောင်နိူင်စာမျိုးပါ။ မြင်သာ ထင်သာသော အာဏာခွဲဝီပီးမှု သည်လည်း ဒီမိုခရေစီစနစ်ထဲက အရေးပါရေ အရာတခုပါ။ လွပ်လပ်သော အခွင့်အရေးအပေါ်မူတည်ပနာ အာဏာခွဲဝီမှုဟိရပါဖို့။ အခွင့်အရေး ဆိုစာမှာလည်း လူတဦးချင်းစီ၏ ကိုယ်ပိုင်အခွင့်ရေးကို အဓိကအားဖြင့် စဉ်းစားရပါရေ။ လူတဦးချင်းစီ၏ ကိုယ်ပိုင်အခွင့်အရေးကို ကာကွယ်ပီးနိူင်ဖို့ ဒီမိုခရေစီဆိုစာ လိုအပ်စာပါယာ။ မိသားစု၊မိမိနိုင်ငံ နှင့် နိုင်ငံတကာ လူ့အဖွဲ့စည်းတိထဲက လူတဦးချင်းစီ၏ ပတ်သက်ဆက်နွယ်မှု အခွင့်အရေးတိကို ကာကွယ်ပီးရစာမျိုးပါ။ လူ့အခွင့်ရေးဆိုရေ စကားကိုကြည့်ကေ (၁) တဦးချင်းစီ၏အခွင့်အရေး၊ လူတဦးချင်းစီ၏ဘဝ၊ ကြီးပွားတိုးတက်ရေးကို ထိပါးစီသော အကြမ်းဖက်မှု၊ မတရားအားထုတ်မှုတိကို ကာကွယ်ပီးခြင်းပါ။ (၂) နိုင်ငံရေးနှင့် လူထုအခွင့်အရေး၊ လူထုကို အနှောင့်အယှက်တစုံ တရာမပြုပဲ နိုင်ငံရေးမှာ လွှတ်လပ်စွာပါဝင်ပိုင်ခွင့်ပီးခြင်းမျိုး၊ လွပ်လပ်စွာ ပြောဆိုခွင့်၊ ရီးသားခွင့်နှင့် တောင်းဆိုခွင့်မျိုးပါ။ (၃) စီပွားရေးဆိုင်ရာ အခွင့်အရေး၊ အယုတ်ဆုံးအားဖြင့် လူတဦးချင်းစီ၏ အသက်ရှင်နိုန်ထိုင်ရေးကို တာဝန်ယူပီးခြင်းနှင့် လွပ်လပ်သော ပညာရေးအခွင့်အလမ်းများ ပီးခြင်းမျိုး။ (၄) ခေတ်သစ်အရေးတခုမှာ တတိယမျိုးဆက်သစ်အခွင့်ရေးပါ လှတ်။

လူ့အခွင့်ရေးဆိုစာ ပုံသီသတ်မှတ်ချက်မဟိ၊ ပြုပြင်ပြောင်းလဲနိူင်သည်’ စသည် များအား လူထုကိုအသိပီးခြင်း၊ ချမ်းသာ – ဆင်းရဲ အခွင့်အရေးတူညီမှုဟိခြင်းမျိုး (ဥပမာ) တယ်လီဖုန်းပိုင် ယေဘျယျ သုံးကုန်တိကို တူညီအောင်ဖန်တီးပီးခြင်း။ ဆိုခါ –– ဒေနိန့် ရခိုင်ပြည်မှာ အုပ်ချုပ်နိန်ရေ ဒီမိုခရေစီအာဏာရအစိုးရရေ ရခိုင်ပြည်အတွက် (သို့မဟုတ်) ရခိုင်လူထု၏ အခွင့်အရေး နှင့် ကိုယ်ပိုင်ရပိုင်ခွင့်တိအတွက် ဇာလောက်ထိ ထည့်သွင်းစဉ်းစားပြီးပါယာလေ။ ရခိုင်သားတိ၏ အခွင့်အရေးကို ဥပဒေကြောင်းအရ ဇာလောက်ထိကာကွယ်ပီးဖူးပါယာလေ။ မြန်မာနိုင်ငံဒီမိုခရေစီသည် ရခိုင်သားတိအတွက်လည်းဟုတ်တေ’ လို့ ပြောနိုင်ပါဖို့လား။

**ရွီးချယ်တင်မြှောက်ခြင်း။** ။ ရွီးကောက်ပွဲဥပဒေအားလျှော်စွာ ရွီးကောက်ပွဲကို ကျင်းပရပါရေ။ ရွီးကောက်ပွဲစာလည်း ‘အသက်ဝင်သော’ (Active) နှင့် ‘အသက်မဝင်သော’ (Passive) ရွီးကောက်ပွဲပုံစံ လို့ ၂ မျိုးဟိပါရေ။ ၂ မျိုးလုံးနန့် ကျင်းပခွင့်ဟိပါရေ။ ယေဒါလည်း (၁) လူမျိုး၊ အသွင်သဏ္ဍာန်၊ အဆင့်အတန်းခွဲခြားခြင်းမဟိဘဲ (equality) အားလုံးမဲပီးခွင့်ဟိရဖို့ (၂) ကြိုက်တေပါတီကို မဲပီးခွင့်ဟိရဖို့ (၃) အသူက အသူ့ကိုပီးရေ ဆိုစာကိုသိစီလို့မရ (၅) မဲပုံးဖွင့်ခြင်း၊ မဲရီတွက်ခြင်းတိကို စောင့်ကြည့်ခွင့်ပီးရဖို့ နှင့် (၆) လက်ဟိအစိုးရကို ဖယ်ယှားခွင့် ၊ တရားနည်းလမ်းကျသော ရွီးကောက်ပွဲရလဒ်ကိုလက်ခံခြင်းမျိုးဖြစ်ရမည်။ (လက်ဟိ အနိန်ထားအရ) ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်မှာ ရတပ ပါတီမဲဆွယ်ခွင့်မဟိ လို့သိရပါရေ။ ဆိုခါ ––လွပ်လပ်သော မဲဆွယ်ပိုင်ခွင့်သည် ရခိုင်သားပါတီတိအတွက် ဖြစ်နိူင်ပါဖို့လား။

**ဥပဒေနှင့်အညီ အုပ်ချုပ်ခြင်း။** ။ နိုင်ငံရေးလုပ်ပိုင်ခွင့်နှင့် ပုဂ္ဂိုလ်ရေးရာ လွှတ်လပ်ခွင့်များပါဝင်သော လုပ်ထုံးလုပ်နည်းများဖြင့် ဥပဒေကို အကောင်အထည်ဖော်ရမည်။ နိုင်ငံ၏အာဏာသည် ဥပဒေ၏လက်တွင်ဟိရမည်။ ‘ဥပဒေသည်နိုင်ငံ၏လက်တွင်ဟိသည်မဟုတ်။’ ပြည်သူလူထုအားလုံး (အုပ်ချုပ်သူ၊အုပ်ချုပ်ခံသူ) ဥပဒေကြောင်းအရ အခွင့်အရေးတူရမည်။ ဖွဲ့စည်းပုံအခြီခံဥပဒေနှင့် ကျင့်သုံးဥပေဒရို့ကို အခြီခံသောအားဖြင့် အုပ်ချုပ်ရမည်။ သို့သော် တရားစီရင်ရေးဆိုင်ရာ လွှတ်လပ်ခွင့်လုံးဝ ဟိရမည်။ တရားစီရင်ရေး၊ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေး အားလုံး ကွဲပြားစွာတည်ဟိရမည်။ ဥပဒေကျင့်သုံးလာအောင် အစိုးရက တွန်းအားပီးရမည်။ ဥပဒေပြုရေးက အာဏာပါဝါကို ရှို့သို့တိုးစီသည်။ ယင်း ၃ ခု ခွဲဝီသော အာဏာပိုင်ဆိုင်မှုဟိရမည်။ ဇာဥပဒေကို အတည်ပြုပြီး ဇာဥပဒေကို ပယ်ဖျက်သည် စသည်ဖြင့် ကျင့်ထုံးများအား လူထုကိုအသိပီးရမည်။ အစိုးရအား တရားမျှတမှုမဟိ ဟု သိသာထင်သျှားလျှင် ဥပဒေအားလျှော်သော တရားစီရင်ရေးဖြင့် လူထုအခွင့်အရေးကို ကာကွယ်ပီးရမည်။ ‘တရားမျှတမှု’ ဟူသော စကားလုံးသည် လက်ဟိ မြန်မာဒီမိုခရေစီ ပိုလစီအရ သုံးနှုန်းထားကတ်ကေလည်း ယင်းမူဝါဒကို ရခိုင်သားတိပါ ကျင့်သုံးနိူင်ရေလို့ ပြောလို့ရနိုင်ပါဖို့လား။ ရခိုင်ပြည်က ထွက်သမျှသော သယံဇာတတိကို ပြည်သူပြည်သားများအား သုံးစွဲခွင့်မပီးပဲ လက်ဝါးကြီး အုပ်ခြင်းသည် ‘ဒီမိုခရေစီမူလား၊ အရင်းသျှင်မူလား?’ ယင်းဒီမိုခရေစီကို ရခိုင်သားတိယုံကြည်သင့်ပါလား?

**လွှတ်တော်။** ။ ဒီမိုခရေစီနိုင်ငံမှာ လွှတ်တော်နှင့် အစိုးရ ပါဝင်မှုက မတူညီလို့ပြောနိုင်ကေပင် လွှတ်တော်ဆိုစာကတော့ အလုပ်တမျိုးတည်းကိုရာ ဦးတည်လို့ လုပ်တေနိုင်ငံရေးအသင်းအဖွဲ့တခုပါ။ ယင်းတမျိုးတည်းသော

→

အလုပ်ဆိုစာကတော့ လွှတ်လပ်စွာဝေဖန်သုံးသပ်ရေးအလုပ်ပါ။ လွှတ်တော်အလုပ်စာ အသွင်အားဖြင့် တခုတည်းဟိဒါလည်း ကျယ်ပြန့်ပါရေ။ ဥပမာ ဥပဒေရီးဆွဲတင်ပြရေးအခန်းကဏ္ဍ၊ ထိမ်းချုပ်ရေးအခန်းကဏ္ဍတိပါ။ ဥပဒေရီးဆွဲတင်ပြရေး အခန်းကဏ္ဍအရ 'ဖွဲ့စည်းပုံအခြေခံဥပဒေကအစ တည်ဆဲဥပဒေထိ' Civil and Criminal Law အားလုံးကို ပြင်ဆင်ခွင့်နှင့် တင်ပြခွင့်ဟိသည်။ ထိမ်းချုပ်ရေးအခန်းကဏ္ဍအရ အစိုးရ၏ ညီညွတ်သော လုပ်ရပ်တိ၊ မျှတသောလုပ်ရပ်တိကို သမ္မတကအစ ဝေါင်းဆောင်အားလုံးသို့ အထူးအဖွဲ့ခွဲ၊ စစ်ဆေးပနာ ကွင်ထရိုး (Control) လုပ်စာမျိုးပါ။ ပြည်သူတိနန့် တသွီးတသံတည်းကျရေဆိုသော စိတ်ဓါတ် 'population will' ကိုလူထုသို့ ထင်အောင်ပြသခြင်းသည်လည်း လွှတ်တော်ထဲက လူတိ အထူးလိုက်နာရဖို့အချက်တခုပါ။ ရွီးချယ်တင်မြှောက်ရေး အခန်းကဏ္ဍအရ အစိုးရ၏ အမြင့်ဆုံးရာထူးအားဆက်ခံမည့်သူကို သမ္မတဖြစ်ဖြစ်၊ တရားသူကြီးချုပ်ဖြစ်ဖြစ် လွှတ်တော်ကရွီးချယ်ခွင့်ဟိသည်။ လွှတ်တော်ကသာ ရွီးချယ်ရသည်။

ဒီမိုကရေစီမှာ အဓိကသဖေါတရား 'principle' ၂ ခုပါဝင်သည်။ 'လူအများစု သဘောထားကိုလိုက်နာခြင်း' (Majority of Principles) နှင့် လူထုသဘောထားကိုလိုက်နာခြင်း 'Principles of People' တိ ဖြစ်ပါရေ။ အေသဘောတရား ၂ ခု အရ လူနည်းစု (Minority) တိ၏ အယူအဆ ဆုံးဖြတ်ချက်များကို မပယ်ရသကဲ့သို့ လူတဦးတယောက်၏ ပြောပိုင်ခွင့်၊ဆုံးဖြတ်ပိုင်ခွင့်ကိုလည်းလွှတ်တော်က မတားမြစ်ရပါ။ လွှတ်တော်ဟိလူတိမှာ လူထုကိုယ်စားလှယ်တိဖြစ်နိန်လို့ပါ။ လက်ဟိရခိုင်ပြည်သည် ဆင်းရဲမွဲတေမှု နောက်ဆုံးအဆင့်သို့ရောက်နိန်သည်။ ရခိုင်လူထုတရပ်လုံးသည် မိမိရို့ဒုက္ခအတွက် အားကိုးအားထားပြုနိုင်မည့်လူကို မျှော်လင့်ပနာ အော်မြည်တိုင်တမ်းယက်ပင်း မချိတင်ကဲ အံကြိတ်နိန်ကတ်သည်။ ယေကေလည်း ဇာ အာဏာရပါတီ တခုတလေက မှ လူထုသဘောထားကို ဖြည့်စွက်ဖို့ မကြိုးစားကတ်။ ရခိုင်ပြည်အစိုးရသည် ရခိုင်သားတိအတွက် မဟုတ်ပါလား?

**မိုးညို** (M.Ed-EA.) ဘာန်ကောက်

ကျမ်းညွှန်း

1. Paular Backer (Bachelor of Arts, Political Science, University of Hamburg) and Dr. Jeam Aeim. A. Raveloson ; " What is Democracy" (English Translation from French), Antananarivo, September 2008.

2. http://www.un.org/en/aboutun/history/

(အပိုင်း ၂ ကို နောက်လ တွင် ဆက်လက် ဖတ်ရှုပါရန်)

● ● ● ● ● ● ● ● ● ● ● ● ●

# "သမီးနှစ်ယောက်၊ အမိသည် နန့် ကျွန်တော်"



မောင်ခိုင်စော

ကိုယ့်အရုပ်ကိုကိုယ် မှန်ရှိမှာ ရပ်ကြည့်မိပါရေ။ ကိုယ်အထက်ပိုင်းမှာ အဝတ်ဗလာဖြစ်လို့ နံရိုးတိကြဲနိန်စွာကို စိတ်ပျက်စရာ မြင်ရပါယင့်ထော။ အရိုးမှာအရီတင်လို့ ကမ္ဘဋ္ဌာန်းရုပ်ပေါက်နိန်ပါရေ။ ပါးနှစ်ဖက်ကလေ့ ပေါက်ကျဖို့လားမသိ ထင်ရလောက်အောင် ပျောင်လို့ပါ။ ကိုယ့်ခန္ဓာကို ကိုယ်ကြည့်လို့မရ။ အိန်း၊ အသက်၅၇နှစ်ဆိုစွာကလေ့ ငယ်စွာက မဟုတ်ပါဗျာယယင်။ အသက်ကြီးလာစွာမှာတခါ၊ ခန္ဓာကိုယ်ကမချိ။ ရောဂါတသဲသဲနန့်။ စားမဝင်၊ သောက်မဝင်ဘဲ ကြာလာကေ ဒေခန္ဓာ ဇာပိုင် အရုပ်ပေါက်ပါဖို့သိမ့်လေး။ ဒေတနှစ်၊ နှစ်နှစ်မှာ ရောဂါကျစွာကလေ့ ရာဇဝင်ချီလို့ ပြောရပါဖို့။

ကိုယ့်ဖို့ကိုယ် တွက်ကြည့်မိပါရေ။ ဒေလောက်အသက်အရွယ်မှာ ကိုယ့်လူမျိုးအတွက် ဇာလုပ်ဖူးဗျာယ်လေးလို့။ ရှက်စရာပါထော။ 'မည်သည်တခု' လေ့ 'ဟွ' လို့ ဆိုရလောက်အောင် လုပ်ဖူးစွာ မဟိပါသိမ့်။ လူမျိုးအကျိုးအတွက် လုပ်ဖူးဖို့စွာ ထားလိုက်ပါဟုန့်။ ပူချိန်မှာ သူများစိုက်ထားရေ အပင်တိအောက်မှာ အရိပ်ခိုဖူးပါရေ။ ကိုယ်က အပင်တပင်မစိုက်ဖူး။ သူများတိတူးထားရေ ရီတွင်းရီကန်တိက ရီကိုသောက်သုံးဖူးပါရေ။ ကိုယ်ကိုယ်တိုင်ရာ ရီတွင်းရီကန် တခါမတူးဖူး။ သူများတိပါးက အကူအညီ ရယူဖူးပါရေ။ ကိုယ်ကကျခါ သူများကို မကူညီဖူး။ ကိုယ့်အကြောင်းကိုယ် ပြောရစွာ ကောင်းကောင်းရှက်ကောင်းထမန်းပါ။ အရာ ဆက်ပြောရကေ အေလောက်အသက်ကြီးဗျာယ်။ တခုလေ့ 'မည်မည်ရရ'တတ်စွာမဟိ။ ကျွန်တော်တယောက် အလှပ ငတုံး' ဆိုရပါဖို့။

ငတုံး' လို့ ကိုယ့်ဖို့ကိုယ် နာမည်ပီးစွာကလေ့ မှားဖို့မဟုတ်ပါ။ သမီးကြီးအချေခါက တရက်နီ အိင်္ဂလိပ်ျစကားလုံး တလုံး အဓိပ္ပါယ်ကို မိန်းလာပါရေ။ ကျွန်တော် မပြောနိုင်ခ။ သမီးကို အဘိဓါန်စာအုပ်မှာ ကိုယ့်စွာကိုယ်ရှာကြည့်ခီဖို့ရာ ပြောလိုက်ရပါရေ။ သူ တခုလေ့ မပြောခဘဲ အနားက တိတ်တိတ်ချေ ထွက်လား ခပါရေ။ နောက်တရက်။ အရာ အိင်္ဂလိပ်ျစာလုံးတလုံးအဓိပ္ပါယ်ကို မိန်း လာပါရေ။ ခက်စွာက ယင်းအိင်္ဂလိပ်ျစာလုံးအဓိပ္ပါယ်ကိုလေ့ ကျွန်တော်မသိ။ ယေဇာ၊ 'ဘာ မသိဒေ၊ အဘိဓါန်မှာချက် ကြည့်' လို့ ပြော လိုက်မိပါရေ။ ယေခါ သူပြောသတ်ပစ်လိုက်စွာက 'ဘာက တခုကိုလေ့မသိ' ပါလတ်။ ကျွန်တော့်ရင်ထဲ မှာ အောင့်လို့တွိလားခပါရေ။ အချေဖြစ်တေအတွက် ဒေစကားမျိုး အဖကို ပြောသင့် မပြောသင့် မသိပါယင်။ ယေကေလေ့ ဝန်ခံလို့ပြောရကေ သူ့စကားက အမှန်ပါရာ။ ကျွန်တော်က အဝေါင့်ဝေါင့် 'ဟုတ်တိပတ်တိ' တခုလေ့ မသိစွာပါကို။ သူ့စကားက အမှန်ပင်ဖြစ်နိန်ကေလေ့သွင့် ဆုံးမရေအနိန်နန့် 'မိဖကို ကယင်းပိုင်မပြောရ သူဇာ' လို့ တခွန်းပြောလိုက်ရပါရေ။

သမီးချေကို ရခိုင်ပြည်ပုံ အောချင့်ကားလို့ ထိုးပြနိုင်စွမ်း မဟိရေကျွန်တော် တုံးတောင်မကာ ညံ့လေ့ညံ့ပါရေကာလို့ ကိုယ်ဖို့ကိုယ် ကောက်ချက်ချမိရပါရေ။ ဒေပိုင်ခါ ဇာလေ၊ ငါရို့ခေတ်ကာလကျမှ ညံ့ဖို့လားယေလို့ ကိုသန်းမောင်ဆိုထားရေ အရွေအပိုင်းအစချေကို ကြားယောင်မိပါရေ။ အရွေက ကျွန်တော့်ပိုင် လူညံ့တိအတွက် ရည်ရွယ်ပြီးကေ တပ်လှန့် ဆိုထားစွာ ထင်ပါယင့်။

● ● ● ● ● ● ● ●

တခါ၊ အိင်္ဂလိချ် - ဘိင်္ဂလီ အဘိဓါန်စာအုပ်တအုပ်က နိုင်ငံစုံ အောင်လံတိကို ကြည့်ပြီးကေ 'ဘာ၊ ဒေချင့် မှာ ရခိုင်အောင်လံဝါ' လို့ သမီးကြီးက မိန်းလာပါရေ။ ကျွန်တော်တယောက် သမီးကို ထိုးပြနိုင်အောင် ရခိုင်အောင်လံက ယင်းစာအုပ်မှာ မပါ။ လွတ်လပ်တေ နိုင်ငံတိ အောင်လံကို ဖော်ပြထားစွာမှာရခိုင်အောင်လံ ဇာပိုင်ပါပါဖို့လေး။ 'ဒေချင့် ငါရို့လူမျိုးအောင်လံကား' လို့သမီးကြီးကို ထိုးမပြနိုင်ခရေ ကျွန်တော်တယောက် အရာ သမီးချေပါးမှာ ကျပြန်ပါရေ။

တရက်နီ သမီးအငယ်စွာရေ အေးမသည် အချေခါက သင်ခရေ ပထဝီစာအုပ်တအုပ်ကို ယူလာပြီးကေ 'ဘာ ဒေချင့်မှာ ရခိုင်ပြည်ပုံဝါ' ပါလတ်။ မိန်းခပါရေ။ သူ့အမိန်းကြောင့် ကျွန်တော်တယောက် 'တိတ်ပင်းသတ်' လားရပါရေ။ 'အိန္ဒိယ၊ ဘင်္ဂလာဒေ့ချ်၊ ဗမာ၊ တရုတ်၊ လာအို၊ ထိုင်း' ဆိုပြီးကေ ဗမာနန့်အိမ်နားပါးချင်း တိုင်းပြည်တိနာမည်ကို အိင်္ဂလိချ်ပိုင်ဖော်ပြထားစွာကိုတွိ့ရပါရေ။ 'ရခိုင်' ဆိုစွာမပါ။ ဇာအတွက် လေးဆိုစွာ ကျွန်တော်မပြောကေလေ့ အားလုံးသိကတ်ပါဖို့နှင့်ရာ။ သမီးကို အဖြေပီးဖို့ အခက်ကြုံခရရေကျွန်တော်တယောက် နောက်ဆုံး စဉ်းစားပြီးကေ 'ဒေချင့်မှာက လွတ်လပ်ရီးရပြီးရေ တိုင်းပြည်တိကိုရာ ဖော်ပြထားစွာ' လို့ သမီးချေကို ပြောလိုက်ရပါရေ။ ရင်ထဲမှာက 'ဒေမှာထော ရခိုင်ပြည်ပုံ' လို့ သမီးချေကို ပြလိုက်ချင်စွာ အမှန်ပါ။

သမီးကြီးလက်ထဲမှာ ရခိုင့်အောင်လံချေတခု ထည့်မပီးနိုင်ရေ ကျွန်တော်၊ သမီးချေကို 'ရခိုင်ပြည်ပုံ အောချင့်ကား' လို့ထိုးပြနိုင်စွမ်းမဟိရေကျွန်တော် တုံးတောင်မကာ ညံ့လေ့ညံ့ပါရေကာ လို့ ကိုယ်ဖို့ကိုယ် ကောက်ချက်ချမိရပါရေ။ ဒေပိုင်ခါ 'ဇာလေ၊ ငါရို့ခေတ်ကာလကျမှ ညံ့ဖို့လားယေ' လို့ ကိုသန်းမောင် ဆိုထားရေ အရွေ့အပိုင်းအစချေကို ကြားယောင်မိပါရေ။ အရွေ့က ကျွန်တော့်ပိုင် လူညံ့တိအတွက် ရည်ရွယ်ပြီးကေ တပ်လှန့်ဆိုထားစွာ ထင်ပါယင့်။

ကျွန်တော်တယောက် တုံးရ၊ ညံ့ရရေအထဲမှာ အိမ်သားတိ စားဝတ်နိန်ရီးအတွက် အချိန်ပီးနိန်ရလို့ တခုလေ့ မလေ့လာ မကြိုးစားဖြစ်တေပိုင်၊ ကိုယ့်လူမျိုးအကျိုးဖြစ်ဖို့အတွက် တခုလေ့ မလုပ်ဖြစ်ပါထော။ ကိုယ့်ကိုယ်ကို အားမရ။ လူမျိုးခြားပါးမှာ မျက်နှာအောက်ကျို့ခံပြီးကေ လုပ်စားဖို့လို့ တခါပင်လေ့ စိတ်မကူးခဖူး။ လက်တွိ့မှာ လုပ်စားနိန်ရပါရေ။ တရက်မှာ တဆယ့်နှစ်ရာလောက် အိမ်ပြင်ရောက်နိန်ရေ ကျွန်တော်တယောက် သမီးချေကို စာပြဖို့ အချိန်မပီးနိုင်ခ။ ပြီးကေ မကျန်းမမာ ဆိုခါ အားဆောင်လို့လေ့ မလုပ်နိုင်ပါယင်။ ယေဇာ့၊ အမိသည်က မတတ်တတတ်နန့် သမီးကို စာပြရပါရေ။ အမိကလေ့ စာပြရေခါ သမီးကိုငေါက်တေလားဆိုစွာမှာ 'ရမ်းဗြဲဆီး' က အရှုံးပီးရပါဖို့။ သမီးတယောက် နားမလည်နိုင်ဖြစ်နိန်ကေ နားလည်လာအောင် စိတ်အရှည်ထားလို့ အခေါက်ခေါက် ရှင်းမပြ။ အော်ရေ၊ ငေါက်တေ၊ ဆူရေလားဆိုစွာမှာ မပြောပါကေ့ဖိ။ စိတ်မရှည်နိုင်ဖြစ်ပြီးကေ နောက်ကုန်းကို အုန်းခါအုန်းပစ်လိုက်ပါရေ။

တရက်နီ ကျွန်တော်လေ့ 'နားပျင်းကပ်' လာပြီးကေ 'အဘာလေး၊ ကျောင်းတိမှာရာ ဆရာ၊ ဆရာမတိ အားလုံး ဂုပိုင်ရာ ဟောက်ကတ်၊ ငေါက်ကတ်၊ သတ်ကတ်၊ ပုတ်ကတ်ဖို့ဆိုကေ တကျောင်းလုံးဆူနိန်ဖို့ကာ၊ နားမလည်ကေ နားလည်အောင် ရှင်းပြပလင်၊ မိန်းလို့မဖြေနိုင်ကေ အတွက်ပေါ်အောင် တစိကေဖော်ပီးရဖို့မဟုတ်လား' လို့ အိပ်ရာထဲက 'မြည်' လိုက်မိပါရေ။ ယေခါ၊ 'ယောက်ဖသမီးက အတုံးရာ၊ ဟောက်ရ၊ ငေါက်ရဖို့နှင့်ရာ။ ဒေ မ,မ လေ့ ပညာရီးတက္ကသိုလ်ကျောင်း ဆင်းမဟုတ်၊ ယင်းလောက် နည်းစနစ်နားမလည်၊ နားလည်လူပြပလင် ဇာလုပ်နိန်လေ၊ ဒေလောက် မတတ်တတတ်နန့် ပြနိန်ရစွာမှာနန်း' လို့ သူက တုန့်ပြန်ပါရေ။ ကျွန်တော်က 'ပညာရီးတက္ကသိုလ်ကျောင်းဆင်း မဟုတ်ကေလေ့ တစိကေလောက် စိတ်အရှည်ထားပလင်၊ ယင်းလောက် အော်ကေ ငေါက်ကေ ယင်းအချေ ဇာပိုင် စာသင်ချင်စိတ် ရောက်ဖို့သိမ့်လေး၊ စာသင်ရဖို့စွာကို ညီးလားဖို့နှင့်ရာ၊ စာသင်ရစွာကို ပျော်စရာတခုလို့ ထင်မှတ်အောင် ဖန်တီးပြီးကေ ရယ်လို့ မောလို့ ပြရဖို့မဟုတ်လား' ဆိုပြီးကေ ပြောပြဖြစ်ပါရေ။ ကျွန်တော့်မျောက်သားတော် အိမ်ရှင်မက "ဒေလောက် 'လတ်ကျာ' ပီးမနိန်ကေ့ ယောက်ဖ၊ ယင်းလောက် စိတ်ခြူနိန်ရ စွာမှာ" ဆိုပြီးကေ ပြန်နှက်ပါရေ။ ကျွန်တော်လေ့ အရာ တခုလေ့ မပြောဖြစ်လိုက်ပါဗျာယ်။ ကိုယ်ကလေ့ တာဝန်မယူနိုင်စွာပါကို။

ကျွန်တော် ဝေဖန်ရီးလုပ်တေအတွက် တစိချေက အဆူအပူလျော့လားရေ ဆိုရပါဖို့။ ယကေလေ့ သူ့စာပြအချိုးကို ယင်းလောက် ပြောင်းပစ်စွာက မဟုတ်ပါ။ ကြာလာစွာနန့်အမျှ 'ဒုန်ရင်း' တို့ ပြန်ရောက်ခပါရေ။ ထုံးစံအတိုင်း 'ဟောက်ငေါက်ဆူပုတ်' လုပ်စွာပါဗျာယ်။ တရက် ကျွန်တော်လေ့ နားမခံနိုင်ဖြစ်လာရေအတွက် အိပ်ရာက ထလာပြီးကေ အချေခါက ကြုံခဖူးရေ အဖြစ်အပျက်တခုကို ပြောပြလိုက်ပါရေ။

ကျွန်တော်ရို့အိမ်အနောက်ဖက်ကနိန်ရေ အခင်မောင်မြဦးမှာ သားသမီးသုံးလေးယောက်ဟိခပါရေ။ အကြီးဆုံးက သား။ သူ့နာမည်က ဦးစောသိန်း ပါ။ ယကေလေ့ သူ့ကို အားလုံးက 'ကြမ်းတုံး' လို့ရာခေါ်ကတ်ပါရေ။ယင်းအကိုတယောက် ဇာလောက် 'သဲ' ဇာလောက် 'ရှုပ်'၊ ဇာလောက် 'မျောက်'၊ ဇာလောက် 'ကြမ်း' လီဖို့လေးဆိုစွာ သူ့ 'တွင်' နာမည်ကို ကြည့်ဗျာယ် စဉ်းစားလို့ရာ ကြည့်ကတ်ပါဖိ။

**အိန်း၊ ကိုယ်နန့်ကိုယ့်အိမ်သားအကြောင်းကို စဉ်းစားကြည့်မိတိုင်း ကျွန်တော် ရင်မောရပါရေထော၊ ကျွန်တော်ရို့အိမ်သားအကြောင်းက လူကဲ့ရဲ့စရာဖြစ်နိန်ဖို့ထင်ပါယင့်၊ ဖြစ်ကေလေ့ မတတ်နိုင်ပါဗျာယ်၊ ကဲ့ရဲ့ချင်လူ ကဲ့ရဲ့ကတ်ပါလီဖိ၊ အားလုံးကျွန်တော်ညံ့လို့ ဖြစ်ရစွာပါယေ။ .....**

◆ ◆ ◆ ◆

အခင်မောင်မြဦးတယောက် ကိုကြမ်းတုံးကို နိစဉ် မိုးသောက်၊ ညဇာ စာပြခပါရေ။ ယကေလေ့ ကိုကြမ်းတုံးတယောက်က စာရပုံမပေါ်ပါ။ နိစဉ် အဖပါးမှာ ဝါးစိတ်ပြားနန့် အဆွဲခံရစွာကို ကြားရတတ်ပါရေ။ အဖသတ်တိုင်း 'အဘာလေး၊ အဘာလေး' ဆိုပြီးကေ ကိုကြမ်းတုံး တယောက် အော်ငိုသံကလေ့ မကြားချင်အဆုံးပါ။ ယင်းပိုင်နန့် ကိုကြမ်းတုံးတယောက် ဆယ်တန်းပင်မအောင်ခဘဲ အဆုံးမှာ ဆိုက်ကားသမားရာ ဖြစ်လားခပါရေ။

ကျွန်တော်ပြောပြစွာကို ကျွန်တော့်မျောက်သား 'မစာခွီ' က တိမ်း လို့ နားထောင်ခပါရေ။ ယကေလေ့ ကျွန်တော့်ဇာတ်လမ်းအဆုံးမှာ 'ယင်းလောက်တုံးကေ မသတ်လို့က ရဖို့လား' ဆိုပြီးကေ တခွန်းတုန့်ပြန်ခပါရေ။

ကျွန်တော့်အတွက် အရာဂွကျစွာတခု ဟိပါသိမ့်ရေ။ ဒေချင့်က သမီးနှစ်ယောက်နန့် အမိကြားမှာ နိန်ရစွာပါ။ တခါခါ ကျွန်တော်က မျောက်သားတော်အိမ်ရှင်မကို နပ်ကေ၊ သွမ်းကေ သမီးတိက 'တဟိဟိ' နန့် သရော်ရယ်ရယ်ကတ်ပါရေ။ အမိက မခံနိုင်ဖြစ်ပြီးကေ 'ဟေး၊ နွားသမီးတိ၊ နွားသမီးတိ' လို့ သမီးတိကိုခေါ်ပြီးကေ သတ်ဖို့လိုက်။ သမီးတိက ကျွန်တော့်ဖက်တို့ 'တဒုန်းဒုန်း' ဖြီးဝင်လာပြီးကေ အကာအကွယ်ယူ။ ကျွန်တော်ကလေ့ အမိသည် သူရို့တိကို သတ်ဖို့မရအောင် လက်တားကာယင်း 'ဟေး၊ နွားမသမီးတိ၊ နွားမသမီးတိ' လို့ ခေါ်ပလင်၊ ဇာအတွက် လူကိုထိခိုက်လို့ ခေါ်ရစွာလေ ဆိုပြီးကေ ပြောဖြစ်ပါရေ။ ယခေါ် သူက 'နွားသမီးတိက နွားသမီးတိရာ၊ ယောက်ဖရှောင်ဒေ၊ အေသူရို့ကို အကွယ်အကွယ်မပီးကေ့၊ တစိချေလေ့ အားမနာ' လို့ ပြောပနာ ကျွန်တော့်ကို အတင်းတိုးပြီးကေ သမီးတိကို လှမ်း သတ်။ သမီးတိကလေ့ 'ဘာ၊ အမိ အလကားသတ်တေထော၊ အလကားသတ်တေထော' လို့ အော်ကတ်။ တအိမ်လုံး 'ရောင်းရောင်းသတ်' လားခပါရေ။

နောက်ဆုံးမှာ ကျွန်တော်က 'ဟေး၊ အမိကို အားမနာမလုပ်ကတ်ကေ့ဇမ်၊ ဘာက နပ်ယောင်ကားခံလို့ပြောစွာရာ' ဆိုပြီးကေ အမိသည် ပြေရာပြေကြောင်း သမီးတိကို ဆုံးမရေပိုင် ပြောလိုက်ရပါရေ။ ကျွန်တော် ဒေပိုင်ပြောနိန်စဉ် အကွက်ရလားရေအတွက် 'ယာ၊ အရာရယ်ကတ်၊ အရာရယ်ကတ်' ပြောပနာ သမီးတိနောက်ကုန်းကို 'တဘုန်းဘုန်း' ထုသတ်ပါရေ။ ကျွန်တော့်ကလေ့ တခုလေ့မတတ်နိုင်လိုက်။ ယေဇ္ဇ၊ 'တန့်ဖိဇမ်၊ တန့်ဖိဇမ်' လို့ အမိသည်ကို ဟန့်ပြောပြောယင်း 'အဘာ၊ ဒေအိမ်မှာ နိန်ရစွာမလွယ်၊ တရားသူကြီးလုပ်ဖို့လေ့ တတ်ရဖို့ထော' လို့ ပြောလိုက်ရပါရေ။ သမီးတိကို သတ်လိုက်ရလို့ ကျေနပ် လားရေထင်ပါယင့်။ ကျွန်တော့်မျောက်သားတော်မဒ္ဒီဒေဝီက အရာ တခုလေ့ပြန်မပြောခ ဘဲ ထွက်လား ခပါရေ။

ကျွန်တော်အသုံးမကျ ညံ့ဖျင်းစွာ အရာတခု ဟိပါသိမ့်ရေထော။ ဒေချင့်က ကျွန်တော့်သမီးတိကို ကိုယ့်စကား၊ ကိုယ့်စာ 'ပစ်ပစ်နိုက်နိုက်' တတ်အောင် မလုပ်နိုင်စွာပါ။ သူရို့တိ တရက်ပတ်လုံး ကျောင်းမှာပြောနိန်ရစွာက ဘင်္ဂလီစကား။ ဘင်္ဂလီဘာသာအပြင် ကျန်ရေ ဘာသာရပ်တိအားလုံးကိုက အိင်္ဂလိပ်စာ နန့် သင်နိန်ရစွာ။ ကျောင်းစာတိနန့် ကျင်လုံးနိန်ရရေအတွက် သူရို့တိမှာ အချိန်ပိုယင်းလောက်မဟိ။

ယေပြီးကေ သူရို့အားချိန်မှာ ကျွန်တော်ကမအား။ အလုပ်ပိတ်ရက်တရက်မှာလေ့ အိမ်မှုကိစ္စဗာဟီရ တိကိုလုပ်ယင်း အချိန်မလောက်လိုက်ပါ။ သမီးကြီးအချေခါက ကိုယ့်စာကို သင့်ရောင်လောက်ပြဖို့ရလိုက်တေအတွက် အငယ်သူနန့်စာကေ သူက တစိကေ ပိုတတ်တေဆိုရပါဖို့။ ယကေလေ့ ကိုယ့်စာကို မသုံးရဘဲကြာလာခါ စာလုံးပေါင်းသတ်ပုံတိကို 'တိတိကျကျ' မသိလိုက်ပါဗျာယ်။ ရခိုင်အသိုင်းအဝိုင်းကြားမှာ နိန်ရစွာကလေ့ မဟုတ်ခါ ကိုယ့်ရခိုင်ဝေါဟာတိကိုလေ့ 'ဟုတ်တိပတ်တိ' မသိ။ ဝေါဟာရမကြွယ် ဆိုရပါဖို့ယင်။ ယေဇ္ဇ၊ တခါတခါ အမိနန့်စကားပြောကေ အိင်္ဂလိပ်စကားလုံးတိ ညှပ်ပြောပါရေ။ အမိသည်က ယင်းအိင်္ဂလိပ်စကားလုံးတိ အဓိပ္ပါယ်ကိုမသိ။ ကျွန်တော့်ကို မိန်း။ ကျွန်တော်က အဓိပ္ပါယ်တိကိုပြောရနန့် ကောင်းကောင်းဂွကျပါရေ။

အိန်း။ သမီးချေအဖြစ်က ပိုဆိုးပါရေထော။ တရက်နိ၊ ကျွန်တော်အလုပ်ကအပြန် အိမ်ထဲဝင်ဝင်ချင်း 'ဘာ ဒေနိ အိမ်ဝမှာ ပါပီချေတိနန့် ခွီး မ,မ တယောက်တွိခရေ' လို့ အားရဝမ်းသာပြောပါရေ။ သူဝမ်းသာနိန်ကေလေ့ ကျွန်တော်က ဝမ်းမသာနိုင်။ မှိုင်ကျလားရပါရေ။ ကြည့်ပါတချက်။ 'ခွီးချေတိ' လို့မပြောဘဲ 'ပါပီချေတိ' လို့ရာ ပြောပါရေ။ ပိုးဆိုးစွာက 'ခွီးမတကောင်' လို့ မသုံးတတ်ဘဲ 'ခွီးမ,မတယောက်' လို့ ပြောစွာပါ။ ဇာပိုင်ပျင်ပါဖို့လေး။ ကျွန်တော်က ဖိနပ်ချွတ်ယင်း 'ခွီးဆိုကေ အကောင်နန့်ပြောရရေ နုဖြူမယ်၊ လူကိုမှ တယောက်၊ နှစ်ယောက်လို့ပြောရစွာ' ဆိုပြီးကေ သင်လိုက်ရပါရေ။ သူရို့တိ ယင်းပိုင် အဆီအငေါ်မတည့် သုံးစွဲပြောဆိုနိန်ကတ်စွာက အများကြီးပါ။ ဥပမာပီးလို့ပြောရကေ 'အကြီးသန်သရက်သီး၊ သုံးခုနပျိုးသီး၊ အလှပချေပန်းတပွင့်၊ အသီတကောင်ကြွက်' လို့ ပြောစွာမျိုးတိပါ။ သူရို့ သင်နိန်ရရေ ဘင်္ဂလီဘာသာနန့် အိင်္ဂလိပ်ဘာသာမှာက နာမဝိသေသနကို နာမ်ရှိက ထားစွာပါကို။ ကိုယ့်စကားနန့်ပြောခါလေ့ ယင်းဘာသာစကားတိအသုံးအနှုန်းအတိုင်း ပြောရေအတွက် ဂွကျပါရေ။ ကျွန်တော်ရို့မှာက အရည်အခြင်းပြ၊ အရီအတွက်ပြနာမ်တိကို အဓိကနာမ်တိနောက်မှာထားပြီးကေ နာမ်ကို နာမ်ချင်းအထူးပြုလို့ရာသုံးရေ မဟုတ်ပါလာ။ ယင်းချင့်တိကို သူရို့မသိ။

စာမျက်နှာ ၉ သို့

**Editors Group**

**Oo Thein Maung**

**Lwon Pi**

**Ni Tauk Kray**

ဆက်သွယ်ရန်လိပ်စာ

1107 S Washington St.
Wheaton, IL 60189
U.S.A.

1-630-682-3616 (Home)
1-331-225-7720 (Cell)
theai2011@hotmail.com

တန်ဖိုး ၅ ဒေါ်လာ





# ချက်ဇ် သမ္မတနိုင်ငံ

## (Czech Republic)








**ကမ္ဘာ့နိုင်ငံများ မိတ်ဆက်ကဏ္ဍ**

မိုရာဘီယံ အိန်ပါယာ၊ ခရိယံ ဘာသာအခြေခံသည့် ဘုရင့်နိုင်ငံအဖြစ် ၉ ရာစုမှသည် ၁၆ ရာစုအစောပိုင်းထိ တည်တံ့ခဲ့သည့် ချက်ဇ် သည် ၁၅၂၆ ခုနှစ် တွင် ဩစတြီးယန်း–ဟန်ဂေရီ လက်အောက်သို့ကျရောက်လားခဲ့ရာမှ ပထမကမ္ဘာစစ်ကာလတွင် ပြန်လည်လွတ်မြောက်လာသည်။ ယင်းစစ်အတွင်းကာလမှာပင် ချက်ကိုဆလိုဗားကီးယား ဟု လူမျိုးပေါင်းစုံပါဝင်သည့်နိုင်ငံကိုဖွဲ့စည်းတည်ထောင်သည်။ ၁၉၃၉ တွင် ချက်ဇ်သည် ဟိတလာ၏ဂျာမန်အစောင့်ရှောက်ခံနယ်မြေအဖြစ်သို့ရောက်ဟိလားကာ၊ စစ်အပြီးတွင် ကွန်မြူနစ်စနစ်ကျင့်သုံးသည့်နိုင်ငံအဖြစ် ဆိုဗီယက်ပြည်ထောင်စုထဲတွင်ပါဝင်လာပြန်သည်။ ယင်းနောက်ကြီးမားသော ပြည်သူ့ဆန္ဒပြမှု များနှင့်အတူ ချက်ဇ်သမ္မတနိုင်ငံသည် ၁၉၉၃ ခုနှစ်တွင် ၄င်း၏ ဖက်ဒရယ်ပြည်ထောင်စုတူဖြစ်သည့် ဆလိုဗားကီးယားနိုင်ငံမှ ငြိမ်းချမ်းစွာခွဲထွက်ကာ သီးခြားနိုင်ငံအဖြစ် လွတ်လပ်ရေး ရဟိလာခဲပေသည်။

တရားဝင်အမည်။ ။ ချက်ဇ်သမ္မတနိုင်ငံ။

နိုင်ငံတည်ထောင်သည့်ခုနှစ်။ ။ ၁၉၉၃

မြို့တော်။ ။ ပရာဂ်

လူဦးရေ။ ။ ၁၀.၂ သန်း

လူဦးရေသိပ်တည်းမှုနှုန်း။ ။ ၁ စတုရန်းမိုင်လျှင် ၃၃၅ ယောက် (၁ စတုရန်းခီလိုမီတာလျှင် ၁၂၉ ယောက်)

အကျယ်အဝန်း။ ။ ၃၀၄၅၀ စတုရန်းမိုင် ( ၇၈၈၆၆ စတုရန်းခီလိုမီတာ)

ပြောဆိုသည့်ဘာသာစကား။ ။ ချက်ဇ်၊ ဆလိုဗက်၊ ဟန်ဂေရီယန် (မာဂျာ)

ကိုးကွယ်သည့်ဘာသာ။ ။ ဗုရားမယုံကြည်သူ ၅၉ ရာနှုန်း၊ ရိုမန်ကက်သလိ ၃၉ ရာနှုန်း၊ ပရိုတက်စတိန့် ၂ ရာနှုန်း။

နိန်ထိုင်သည့်လူမျိုးများ။ ။ ချက်ဇ် ၈၁ ရာနှုန်း၊ မိုရာဘီယံ (Moravian) ၁၃ ရာနှုန်း၊ ဆလိုဗက် ၆ ရာနှုန်း။

အစိုးရ။ ။ ပြည်သူ့လွှတ်တော်စံနစ်။

ငွေကြေးယူနိ။ ။ ၁ ချက်ကိုရူနာ လျှင် ၁၀၀ ဟာလေရူ။

ဂျီဒီပီ။ ။ အမေရိကန်ဒေါ်လာ ၁၉၂ ဘီလီယံ (ကမ္ဘာ့ဘဏ်)

စာတတ်မြောက်မှုနှုန်း။ ။ နိုင်ငံလူဦးရေ၏ ၉၉ ရာနှုန်း။

နိုင်ငံတကာတယ်လီဖုန်းကုတ်နံပါတ်။ ။ ၄၂၀

ခယ်လိုရီစားသုံးမှု။ ။ ၃၀၉၇ ခယ်လိုရီ

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| လူမှုအဖွဲ့အစည်းနှင့် စာကြည့်တိုက် | ၁ |
| အေဒီတာ့စကား | ၂ |
| ဒီမိုခရေစီမိတ်ဆက် (အပိုင်း ၁) (မိုးညို M.Ed-EA ဘန်ကောက်) | ၆ |
| အမြန်ဆုံးပို့ဆောင်ဆက်သွယ်ရေးယဥ်တမျိုး (သို့မဟုတ်) ရေဒီယိုလှိုင်း (ကျော်သိန်းခိုင်) | ၇ |
| သေနတ်တိနန့်တေထား မြို့ဆိုမာလီးယား (နီတောက်ကြယ်) | ၁၀ |
| သမီးနှစ်ယောက်၊ အမိသည် နန့် ကျွန်တော် (မောင်ခိုင်စော) (ဝတ္ထုတို) | ၁၃ |
| ချက်ဇ်သမ္မတနိုင်ငံ | ၁၆ |


*ရောက်ဟိလာသော စာမူများအနက်မှ လာမည့်*
***‘နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဥ်’***
*တွင် ဖေါ်ပြရန်အတွက်*
***ကျော်သိန်းခိုင်** ၏ **“သူခိုးကိုခါးရိုးကမ်းသူများ”** ၊ **မိုးညို (M. Ed-EA) ဘန်ကောက်** ၏ **“ဒီမိုခရေစီမိတ်ဆက် (အပိုင်း – ၂)”** ဆောင်းပါးများကို ရွီးချယ် ထားဟိပါသည်။*

ကျေးဇူးတင်ပါသည်။ (အေဒီတာအဖွဲ့)

အမေရိကန်ပြည်ထောင်စုတွင် ပုံနှိပ်ထုတ်ဝီသည်။

www.arakaninternational.com